ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၉ ရက်၊ ကြာသပတေးနေ့။ Thursday 21 June 2018 ၄၃၂၄


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး
စာမျက်နှာ - ၄

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး
စာမျက်နှာ - ၅

ထိုင်းနိုင်ငံတွင် ရောက်ရှိလုပ်ကိုင်နေသော မြန်မာအလုပ်သမားများ အထောက်အထားများ အမြန်ဆုံးရယူဆောင်ရွက်ထားရန် လိုအပ်
စာမျက်နှာ - ၉

ကမ္ဘာ့နိုင်ငံများအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ
စာမျက်နှာ - ၁၀


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ဥရောပကော်မရှင်မှ ညွှန်ကြားရေးမှူးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ထပ်မံလက်ခံတွေ့ဆုံခဲ့ပြီး အထူးကိုယ်စားလှယ်၏ ခရီးစဉ်နှင့်ပတ်သက်၍ သဘောထားအမြင်များအပေါ် ဆွေးနွေးခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား လက်ခံတွေ့ဆုံစဉ်။

# သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာရေးထိုးခြင်းနှင့် မြန်မာအစိုးရမှ စုံစမ်းစစ်ဆေးရေး ကော်မတီဖွဲ့စည်းခြင်းကို ဥရောပသမဂ္ဂမှ ထောက်ခံအားပေးကြောင်း ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၀**

သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာရေးထိုးခြင်းနှင့် မြန်မာအစိုးရမှ စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းခြင်းတို့နှင့် စပ်လျဉ်း၍ ဥရောပသမဂ္ဂမှ ထောက်ခံအားပေးကြောင်း ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့က ယနေ့ ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်တွင် ဇွန် ၆ ရက်က မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား နားလည်မှုစာချွန်လွှာရေးထိုးခဲ့ခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ မိမိတို့၏သဘောဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာဖြင့် နေရပ်သို့ ပြန်လည်အခြေချနိုင်စေမည့် အခြေအနေများကို ဖန်တီးပေးနိုင်ရန်အတွက် အရေးပါပြီး လိုအပ်သည့် ခြေလှမ်းတစ်ရပ်ပင်ဖြစ်ကြောင်း။

ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂနှင့် အခြား ပြည်တွင်းနှင့် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများကို ရခိုင်ပြည်နယ်အတွင်း အကန့်အသတ်မရှိ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ သွားရောက်ခွင့်ပြုလိမ့်မည်ဟု မျှော်လင့်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများအနေဖြင့် မိမိတို့၏ သဘောဆန္ဒအလျောက် ပြန်လည်အခြေချရန် ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးအတွက် ပွင့်လင်းမြင်သာမှု လိုအပ်ကြောင်းနှင့် ဥရောပသမဂ္ဂသည် ရခိုင်ပြည်နယ်ဆိုင်ရာ

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻**




# ကြေးမုံ

## ရလဒ်ကောင်းများ ပေါင်းစည်းချိတ်ဆက်

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၍ ကိုယ်ပိုင်ခြေနဥစ္စာ အရင်းအနှီး လိုအပ်ချက်များရှိသည်။ နိုင်ငံကို တည်ဆောက်နေဆဲဖြစ်၍ ပံ့ပိုးကူညီမှုများ လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ချေးငွေများကို အားပြုရသည်။ ပြည်ပအရင်းအနှီးများကို ဖိတ်ခေါ်ရသည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အတွက် တာဝန်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြစ်ပါက အစဉ်အမြဲကြိုဆို လက်ခံအားပေးနေသည်ကို တွေ့ရသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် အထောက်အပံ့ကောင်းများဖြစ်၍ ယုံကြည်စိတ်ချမှုကိုဖြစ်စေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့် ပြုလျက်ရှိသည်။ တစ်ဖက်တွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့ကူညီမှုများ၊ ပူးပေါင်းလက်တွဲဆောင်ရွက်မှုများကို ရယူဆောင်ရွက်လျက်ရှိသည်။ ပြီးခဲ့သည့်ရက်က နိုင်ငံတော်သမ္မတ တက်ရောက်ဆွေးနွေးခဲ့သည့် အက်မက်စ်နှင့် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးများကဲ့သို့ နိုင်ငံတကာအစည်းအဝေးများမှတစ်ဆင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများ ရရှိခဲ့ဖူးသည်။

ကျင်းပပြီးခဲ့သည့် အက်မက်စ် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်မှ ပေါ်ထွက်လာသော ရလဒ်ကောင်းများသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေးကို များစွာအထောက်အကူပြုစေမည်ဟု မျှော်လင့်နိုင်သည်။ ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံအများစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက မောင်းနှင်အားဖြစ်သောကြောင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ အရင်းအမြစ်များကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးအစီအမံနှင့်အညီ ထိထိရောက်ရောက်အသုံးချနိုင်ရန် နိုင်ငံတော်သမ္မတက အသိပေးခဲ့သည်။

မြန်မာနိုင်ငံပါဝင်သည့် စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများအတွင်း ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များကို နိုင်ငံတော်သမ္မတက အသိပေးခဲ့ပြီး ဖွံ့ဖြိုးမှုအလားအလာကောင်းများ ပေါ်ထွက်စေရန်အတွက် အကြံပြုခဲ့သည်။ ယနေ့ကမ္ဘာပေါ်တွင် ကဏ္ဍပေါင်းစုံ၌ ရှုပ်ထွေးလှသည့် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရပြီး ယင်းကို တစ်နိုင်ငံတည်းအင်အားဖြင့် ဖြေရှင်းမရနိုင်သောကြောင့် မြန်မာနိုင်ငံနှင့် ယဉ်ကျေးမှု၊ သမိုင်းနောက်ခံနှင့် အတွေးအခေါ်ပိုင်းဆိုင်ရာ နီးစပ်မှုရှိသည့် စီအယ်လ်အမ်ဗွီနိုင်ငံများ ညီညွတ်စွာပူးပေါင်းဆောင်ရွက်မှသာ စိန်ခေါ်မှုများသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်မည်ကို နိုင်ငံတော်သမ္မတက ထောက်ပြခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ တက်ရောက်ဆွေးနွေးခဲ့သည့် (၈)ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ)ထိပ်သီး အစည်းအဝေးများမှ ပေါ်ထွက်လာသည့်ရလဒ်များသည် ယခင်ထိပ်သီးအစည်းအဝေးများနှင့်မတူ တစ်မူထူးကဲသည်ဟု ဆိုနိုင်သည်။ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ အပါအဝင် အဖွဲ့ဝင်ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံလင်အောင် စေ့စေ့စပ်စပ်ဆွေးနွေးတင်ပြနိုင်ခဲ့ပြီး အစည်းအဝေးများ၌ ရှင်းလင်းပြောကြားဆွေးနွေးမှုများသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက်သာမက အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အကြံကောင်းဉာဏ်ကောင်းများ မျှဝေပေးနိုင်ခဲ့သည်ဟု ဆိုရမည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတ တက်ရောက်ဆွေးနွေးခဲ့သည့် အက်မက်စ်နှင့် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးများမှ ထူးခြားသည့် ရလဒ်ကောင်းများ ပေါ်ထွန်းခဲ့သည်ဟု ဆိုချင်သည်။ မြန်မာနိုင်ငံသာမက အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ရင်းနှီးမြှုပ်နှံမှုများကို အဖွဲ့ဝင်နိုင်ငံအချင်းချင်း လက်တွဲလျက် မိတ်ဖက်နိုင်ငံများနှင့် အကူအညီများချိတ်ဆက်ရယူနိုင်ကြကာ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်လာရေးကို ပိုမိုမြင့်တင်ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် အရပ်ဘက်(HIV) လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၀**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Phoenix Association ဦးဆောင်သည့် အရပ်ဘက်(HIV) လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Phoenix Associationအဖွဲ့အနေဖြင့် HIV တားဆီးကာကွယ်ရေး၊ ပြုစုကုသရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ဝေဒနာရှင်များ၏ ကြုံတွေ့နေရသည့် လူမှုရေးပြဿနာများနှင့် ဆေးဝါးကုသရေးဆိုင်ရာ အခက်အခဲများကို လွှတ်တော်မှ ကူညီပံ့ပိုးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ HIV ရောဂါပျံ့နှံ့မှု ထိန်းကျောင်းနိုင်ရေးဆိုင်ရာ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင် ဒေါ်ဖြူဖြူသင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## ပွင့်ဖြူမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယာယီပိတ်ထားသည့် ကျောင်းပေါင်း ၄၆ ကျောင်းအနက် ၃၂ ကျောင်း ပြန်လည်ဖွင့်လှစ်

**ပွင့်ဖြူ ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဇွန် ၉ ရက်မှ ၁၄ ရက်အထိ မိုးများသည်းထန်စွာ ရွာသွန်းခဲ့ပြီး မုန်းချောင်းရေများ တိုးမြင့်ခဲ့သည့်အတွက် မြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများ သဘာဝဘေးအန္တရာယ် ထိခိုက်မှုမဖြစ်စေရေး ရေဝင်ရောက်သည့် အခြေခံပညာ စာသင်ကျောင်း ၄၆ ကျောင်းကို ဇွန် ၁၁ ရက်မှ စတင်ကာ ယာယီပိတ်ထားခဲ့ရာ ယခုအခါ ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ဇွန် ၁၈ ရက်မှ စတင်ပြီး ယာယီပိတ်ထားသည့် အခြေခံပညာ စာသင်ကျောင်း ၄၆ ကျောင်းအနက် ၃၂ ကျောင်းကို ပြန်လည်ဖွင့်လှစ် သင်ကြားပေး နေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ယာယီပိတ်ထားသည့် အခြေခံပညာ စာသင် ကျောင်းများမှာ အခြေခံပညာအထက်တန်းအဆင့် ခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ၁၃ကျောင်း၊ အခြေခံပညာမူလတန်းအဆင့် ၂၆ ကျောင်း စုစုပေါင်း ၄၆ ကျောင်းပိတ်ထားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၂၀**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၅၅၀၀ | - | ၉၃၅၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၅၅၀၀ | - | ၉၃၅၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၅/၉၀၅ ကျပ်၊ | ၉၃၀/၉၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၀/၉၃၀ ကျပ်၊ | ၉၇၀/၉၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၈၇၅ ကျပ်၊ | ၉၁၅/၉၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၀/၉၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၄၃/၈၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅/၈၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၃. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၀. ၉၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁. ၈၄၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁. ၉၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၀၂၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၄. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃. ၂၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၉. ၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၈. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



## စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း အသိပညာပေးဟောပြော

**ပန်းတနော် ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် သိကောင်းစရာများအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက အနောက်ပိုင်းရပ်ကွက် အမှတ် ၁ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

ဆက်လက်ပြီး စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းဇော်လတ်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် အန္တရာယ်ရှိသော အစားအသောက်များစားမိခြင်းကြောင့် ဖြစ်ပွားနိုင်သော ရောဂါများအကြောင်းကို ကျောင်းသား ကျောင်းသူများအား ပြောကြားခဲ့ပြီး အသိပညာ ဗဟုသုတရရှိစေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလွဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **ရှေ့ဖုံးမှ**

ယင်းသို့တွေ့ဆုံရာတွင် အထူးကိုယ်စားလှယ်အနေဖြင့် ၎င်း၏မြန်မာနိုင်ငံခရီးစဉ်အတွင်း အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ်ရှိ ထိခိုက်ခံစားရသောအသိုက်အဝန်းများနှင့် တွေ့ဆုံရာမှ ယေဘုယျလေ့လာတွေ့ရှိချက်များကို ပြန်လည်တင်ပြသည်။ အထူးကိုယ်စားလှယ်က ရှင်းလင်းတင်ပြရာတွင် နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအပါအဝင် မြန်မာအစိုးရ၏ ရခိုင်ပြည်နယ်အရေးကိစ္စအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ရခိုင်ပြည်နယ်အရေးကိစ္စ၏ သိမ်မွေ့နက်နဲ ရှုပ်ထွေးမှုတို့အပေါ်အသိအမှတ်ပြုခဲ့ပြီး အသိုက်အဝန်းများအကြား သဘောထားကြီးမားစွာ ကွဲလွဲနေမှုကြောင့် ပြန်လည်သင့်မြတ်ရေးအပါအဝင် နေရပ်စွန့်ခွာသူများ ပြန်လာရေးအတွက်သင့်လျော်ကောင်းမွန်သည့် အခြေအနေများဖန်တီးပေးရန်လိုအပ်နေမှု၊ လွတ်လပ်စွာ သွားလာခွင့်နှင့် လုံခြုံရေးလိုအပ်နေမှုတို့နှင့် UNDP၊ UNHCR တို့နှင့် လက်မှတ်ရေးထိုးခဲ့သော MoU ကို ဆောလျင်စွာ အကောင်အထည်ဖော်ရေးတို့ကို ပြောကြားခဲ့သည်။

**အချိန်ယူကြိုးပမ်းရမည်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အသိုက်အဝန်းများအကြား ယုံကြည်မှု ပြန်လည်တည်ဆောက်ရေးအတွက် သည်းခံမှုဖြင့် အချိန်ယူကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ယင်းသို့ကြိုးပမ်းဆောင်ရွက်ရာတွင် ကုလသမဂ္ဂ၏ပံ့ပိုးကူညီမှုလည်း လိုအပ်ကြောင်း၊ အသိုက်အဝန်းများအကြား မသင့်မြတ်မှုများမှာ ရှေးယခင်ကပင် တည်ရှိနေခဲ့ပြီး ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် ယိုယွင်းလာခဲ့ကာ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ဖြစ်ပွားခဲ့သော ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွန်စွာဆိုးရွားသည့်အခြေအနေသို့ ရောက်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း လွတ်လပ်စွာသွားလာနိုင်မှုမရှိခြင်းမှာ လုံခြုံရေးအခြေအနေအရ စိုးရိမ်သဖြင့် မသွားရဲကြခြင်းကြောင့်သာဖြစ်ကြောင်း၊ ယင်းအတွက် ရခိုင်ပြည်နယ်၌ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ပမှ အမုန်းပွားစေသောသဘောထားအမြင်များက အသိုင်းအဝိုင်းနှစ်ခုအကြား ပိုမိုကွဲပြားမှုများ ဖြစ်စေလျက်ရှိကြောင်း၊ ထို့ကြောင့် ပြဿနာအား ရှေ့ဆက်လက်၍ မည်သို့ဖြေရှင်းမည်ကို အလေးပေးဆောင်ရွက်ရန် လိုအပ်ကြောင်း စသည်ဖြင့် ပြန်လည်ပြောကြားခဲ့သည်။

**လက်ခံတွေ့ဆုံ**

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပကော်မရှင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အာရှ၊ အာရှအလယ်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Pierre Amilhat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ညနေ ၃ နာရီ ၄၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပညာရေး၊ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးကိစ္စရပ်များတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးအပေါ် ဆွေးနွေးခဲ့ကြသည်။

**ကူညီပံ့ပိုးရေးကိစ္စ**

ထို့ပြင် အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များဖြစ်သည့် သစ်သီးဝလံပန်းမန် စိုက်ပျိုးရေး၊ လယ်ယာစိုက်ပျိုးရေး၊ ငါးမွေးမြူရေးလုပ်ငန်း၊ ရေအသုံးချရေးအပါအဝင်ကဏ္ဍများတွင် အီးယူမှ ကူညီပံ့ပိုးရေးဆိုင်ရာကိစ္စများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဥရောပကော်မရှင် ညွှန်ကြားရေးမှူး Mr. Pierre Amilhat တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့ ညစာစားပွဲတက်ရောက်

**ရန်ကုန် ဇွန် ၂၀**

အစ္စရေးနိုင်ငံ၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်ဇနီး ဒေါ်စမ်းစမ်းယုတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အစ္စရေးနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Zohar Zonshine နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့က ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်ဇနီးအား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Zohar Zonshine က ကြိုဆိုနှုတ်ဆက်စဉ်။**

✱ **သုံးပွင့်ဆိုင်မှ**

အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြထားသည့် အကြံပေးချက်များကို အပြည့်အဝ အကောင်အထည်ဖော်ခြင်းကို ထောက်ခံအားပေးကြောင်း။

ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများသည် ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရန်အတွက် သီးခြားကော်မရှင်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဆုံးဖြတ်ချက်ကို ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရာတွင် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် စုံစမ်းမှုများဖြစ်စေရန် ပံ့ပိုးပေးနိုင်မည့် ခိုင်မာသည့် ခြေလှမ်းတစ်ရပ်အနေဖြင့် ကြိုဆိုပါကြောင်းနှင့် ဥရောပသမဂ္ဂအနေဖြင့် ထပ်မံ၍ ပွင့်လင်းမြင်သာသည့် စုံစမ်းဖော်ထုတ်မှုများကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မရှင်၏ လုပ်ပိုင်ခွင့်များနှင့် ဖွဲ့စည်းပုံအသေးစိတ်ကို သိရှိနိုင်ရန်အတွက်လည်း မျှော်လင့်လျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

အဆိုပါထုတ်ပြန်ချက်ကို ဥရောပသမဂ္ဂ၏ ဒေသတွင်းထုတ်ပြန်ကြေညာချက်၊ မြန်မာနိုင်ငံအတွင်းရှိ ဥရောပသမဂ္ဂအဖွဲ့ဝင် သံရုံးများမှ အကြီးအကဲများ၏ သဘောတူညီချက်ဖြင့် ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့က ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ရန်ပုံငွေထူထောင်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၀**

မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ရန်ပုံငွေထူထောင်ရေးနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

**အခွင့်အရေးဆိုင်ရာရန်ပုံငွေ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူတိုင်းရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံလူ့အခွင့်အရေးများရရှိရေးနှင့် လွတ်လပ်စွာလုံခြုံမှုရှိရေးအတွက် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ လုံခြုံမှုဆိုရာ၌ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာ လုံခြုံမှုကိုပါ ထည့်သွင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မသန်စွမ်းသူများ၏ အခြေခံလိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းနိုင်ရန် ရန်ပုံငွေတစ်ရပ် ထူထောင်ရန်လိုအပ်ကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေများထွက်ရှိပြီးသည့်အပြင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည့် အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ဇွန် ၅ ရက်တွင် ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီ (၁/၂၀၁၈) အစည်းအဝေး ဆုံးဖြတ်ချက်အရ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာရန်ပုံငွေ ထူထောင်နိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်သဖြင့် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ရန်ပုံငွေထူထောင်ရာတွင်လည်း ခွဲဝေသုံးစွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြီး စာရင်းစစ်ဆေးမှုခံယူနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လူမှုကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းစဉ်များ ပိုမိုဆောင်ရွက်နိုင်ရန်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် ရန်ပုံငွေတစ်ရပ်ထူထောင်ရန် လိုအပ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ဖြည့်ဆည်းရာတွင် မသန်စွမ်းသူများအတွက် အထူးသင်ကြားပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ် ဆရာ ဆရာမများ မွေးထုတ်ပေးရန်အပြင် အဆောက်အအုံလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေတို့တွင်လည်း ရန်ပုံငွေထူထောင်ရန် ပါဝင်ပါကြောင်း၊ ရန်ပုံငွေထူထောင်ရာတွင် ပြည်ထောင်စုဘတ်ဂျက်မှ မတည်ပြီးအခြားအလှူငွေ၊ ထည့်ဝင်ငွေများဖြင့်လည်း ပေါင်းစပ်ထူထောင်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၂၀**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ရှင်းလင်းဖြေကြားခြင်းနှင့် အဆို ၁ ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အထည်ချုပ်စက်မှုဇုန်၊ ချည်မျှင်နှင့် အထည်အလိပ် စက်မှုဇုန်များ အကောင်အထည်ဖော်သွားမည်

အစည်းအဝေးတွင် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **အထည်အလိပ်ကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် အထည်ချုပ်စက်မှုဇုန်များ(Garment Industry Zone)၊ ချည်မျှင်နှင့် အထည်အလိပ်စက်မှုဇုန်များ (Textile Industry Zone) တည်ထောင်ရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အစည်းတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ စက်မှုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှု မြင့်မားလာစေရေးတို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ခံဝန်ကြီးဌာနအဖြစ် ဦးဆောင်၍ အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာကဏ္ဍကြီး ၁၁ ရပ်ကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ကဏ္ဍကြီး ၁၁ ရပ်အနက် အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ အကောင်အထည်ဖော်ရေးကော်မတီကို စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာအရ မြန်မာနိုင်ငံ၏ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် CMP စနစ်ဖြင့် ဆောင်ရွက်နေသော အထည်ချုပ်လုပ်ငန်းများအား FOB စနစ်သို့ ကူးပြောင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ Bonded Warehouse စနစ် အကောင်အထည်ဖော်ရေး၊ ပြည်ပသို့ တင်ပို့နေသော ချုပ်ထည်များအတွက် လိုအပ်သော ကုန်ကြမ်းများအား နည်းစဉ်တစ်လျှောက် ထုတ်လုပ်မှု ကွင်းဆက်တည်ဆောက်နိုင်ရေး၊ ပို့ကုန်မြှင့်တင်ရာ အထောက်အကူပြုနိုင်ရေးတို့အတွက် လိုအပ်သော အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ အထူးစက်မှုဇုန်များ တည်ထောင်သွားရမည် ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အထည်အလိပ်နှင့် ပတ်သက်၍ အဝတ်အထည်ဆိုင်ရာ အထူးဇုန်များ တည်ထောင်ရန်အတွက် သီးသန့်မြေနေရာ စီစဉ်နေဆဲဖြစ်သောကြောင့် မြေ၊ အဆောက်အအုံ၊ လျှပ်စစ်၊ ရေနှင့် သဘာဝဓာတ်ငွေ့ စသည့် အခြေခံအဆောက်အအုံများနှင့် ကျွမ်းကျင်လုပ်သားများရှိထားပြီးဖြစ်သည့် စက်မှုဝန်ကြီးဌာနပိုင် စက်ရုံများတွင် Industrial Complex နှင့် Cluster များကို ရှေ့ပြေးအစီအစဉ်တစ်ရပ်အနေဖြင့် တည်ထောင်နိုင်ရန် ပုဂ္ဂလိကနှင့် ပူးပေါင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းရှိ အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်)ရှိ မြေလွတ် ၁၂၇ ဧကတွင် အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ အထူးအစုအဖွဲ့ တည်ထောင်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်တင်ပြ တောင်းခံထားပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးရှိ အမှတ်(၃) အထည်စက်ရုံနှင့် အမှတ်(၃)အထည်စက်ရုံခွဲနှင့် ဝါကြိတ်စက်ရုံတို့တွင် Textile Industrial စက်ရုံတို့ကို တည်ထောင်ထားရှိပြီး ကနဦးအနေဖြင့် အမှတ် (၃) အထည်စက်ရုံခွဲတွင် အပ်ချုပ်စက်အလုံးရေ ၁၀၀ တပ်ဆင်ပြီးဖြစ်၍ Export အထည်များ ချုပ်လုပ်နေပြီဖြစ်ပါကြောင်း၊ စက်မှုနယ်မြေများတွင် ရေဆိုးသန့်စင်မှုစနစ်ပါဝင်သော နိုင်ငံတကာ၌ ခေတ်စားနေသည့် ဆိုးထည်များထုတ်လုပ်၍ ချည်ဆေးဆိုးခြင်းလုပ်ငန်းများ၊ ကိုရီးယားနိုင်ငံ Daehan Knit ကုမ္ပဏီနှင့် JV ဆောင်ရွက်ရန် ဆွေးနွေးပြီးဖြစ်ပါ၍ မကြာမီတွင် စတင်အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်ပါကြောင်း၊ အထည်ချုပ်စက်ရုံများအပြင် သဘာဝသစ်သီးဖျော်ရည်စက်ရုံ၊ လျှပ်စစ် ACSR Wire ထုတ်လုပ်သောစက်ရုံများနှင့် Solar စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး အမြန်ဆုံးအကောင်အထည်ဖော်နိုင်တော့မည် ဖြစ်ပါကြောင်း၊ အမှတ်(၂) အထည်စက်ရုံ ပုလိပ်တွင် Textile Complex တည်ထောင်နိုင်ရန်အတွက် Panda Textile Co.,Ltd. နှင့် China Textile City Co.,Ltd. တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့် Myanmar Textile City Co.,Ltd. နှင့် စီစဉ်ဆောင်ရွက်လျက်ရှိနေပါကြောင်း။

ရေနီစက်မှုနယ်မြေတွင် အထည်ချုပ်စက်ရုံများနှင့် ကုန်သေတ္တာသိုလှောင်ရုံများ ထည့်သွင်းတည်ဆောက်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်ရှိ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းပိုင် မြေနေရာတွင် သွင်းကုန်၊ ပို့ကုန် ကုန်စည်များအား လုံခြုံစွာ သိုလှောင်ထိန်းသိမ်းထားနိုင်ရန်အတွက် ပြည်တွင်းရှိ စက်မှုဇုန်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ပင်မ Smart Bonded Warehouse တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထည်ချုပ်စက်မှုဇုန်၊ ချည်မျှင်နှင့် အထည်အလိပ်စက်မှုဇုန်များအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ကျင်းပစဉ်။

## ထီးချိုင့်မြို့နယ်အတွင်း ရေဝတီမြစ်ရေ နစ်မြုပ်မှုကြောင့် နစ်နာသူတောင်သူများအား ထောက်ပံ့ကြေးပေးရာတွင် အမည်လွဲမှားသူများ ပြန်လည်လွှဲပြောင်းပေးအပ်ရန် အစီအစဉ်မရှိ

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **ထီးချိုင့်မြို့နယ်အတွင်း ၂၀၁၆ ခုနှစ် ဧပြီလတွင် ရေဝတီမြစ်ရေနစ်မြုပ်မှုကြောင့် နစ်နာသူတောင်သူများအား နိုင်ငံတော်မှ ထောက်ပံ့ကြေးပေးအပ်ရာတွင် အမည်လွဲမှား ရရှိသူများထံမှ ငွေများကို အမှန်တကယ် နစ်နာသူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ၂၀၁၆ ခုနှစ် ဧပြီနှင့် မေလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရေဝတီမြစ်ရေကြီးမှုကြောင့် ထီးချိုင့်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကျေးရွာပေါင်း ၁၅ ရွာမှ တောင်သူပေါင်း ၅၂၀ ၏ နွေစပါးနှင့် ဆောင်းမြေပဲများ ပျက်စီးခဲ့ပါကြောင်း၊ ပျက်စီးခဲ့သော ဧကများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က နွေစပါးတစ်ဧကလျှင် ငွေကျပ် ၃၉၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၈၆ သိန်းနှင့် ဆောင်းမြေပဲတစ်ဧကလျှင် ငွေကျပ် ၇၂၀၀၀ နှုန်းဖြင့် ငွေကျပ် သိန်းပေါင်း ၄၉၀ ကျော်တို့ကို သက်ဆိုင်ရာတောင်သူများထံသို့ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ထောက်ပံ့ပေးအပ်ခဲ့ပါကြောင်း။

ရေကြီးနစ်မြုပ်စဉ်က စာရင်းတင်ရန် ကျန်ခဲ့သည်ဟု တင်ပြသောမြေများသည် ထီးချိုင့်မြို့နယ် ဒိုးပင်ကျေးရွာအုပ်စု ကွင်းအမှတ် (၂၉၁) ဘိုထုံကွင်းနှင့် ကွင်းအမှတ် (၂၉၆) မြိုင်မကြီးကွင်းအတွင်းရှိ လယ်ယာမြေများဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထီးချိုင့်မြို့နယ်အတွင်း ရေဝတီမြစ်ရေကြီးမှုကြောင့် သီးနှံထိခိုက်ပျက်စီးမှုများ စာရင်းကောက်ယူခဲ့စဉ်က ကျေးရွာအုပ်စုမှ မြို့နယ်အထိ အဆင့်ဆင့်သော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ကွင်းဆင်းစစ်ဆေး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ ဆောင်ရွက်ရပါကြောင်း၊ သက်ဆိုင်ရာ တောင်သူများသို့ သီးနှံထောက်ပံ့ကြေး ပေးအပ်ရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သည့် ကျေးရွာအုပ်စုအဆင့် သဘာဝဘေးထောက်ပံ့ငွေထုတ်ပေးရေးအဖွဲ့များ ဖွဲ့စည်း၍ တောင်သူများလက်ဝယ်သို့ အရောက်ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

အသံချဲ့စက်၊ ရွာဆော်တို့ဖြင့် ရေနစ်မြုပ်ပျက်စီးမှုစာရင်းကို ပေးပို့ရန် ကြေညာခဲ့သော်လည်း ဦးသန့်ဇော်အောင်ပါ ၁၇ ဦးသည် ၂၀၁၆ ခုနှစ် မေ ၃ ရက်တွင် ၎င်းတို့ကိုယ်တိုင် သီးနှံပျက်စီးဧက စာရင်းပြုစု၍ ခန့်မှန်းတန်ဖိုးများတွက်ချက်ကာ ဒိုးပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထောက်ခံချက်လက်မှတ်ရေးထိုးစေပြီး ထီးချိုင့်မြို့ရှိ လူမှုကွန်ရက်အဖွဲ့ တစ်ဖွဲ့ထံသို့သာ စာရင်းပို့ခဲ့ပါကြောင်း၊ သီးနှံထိခိုက်ပျက်စီးဧကများ စာရင်းပေးရန် အချိန်မီသော်လည်း သက်ဆိုင်ရာ ကျေးရွာ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီထံသို့ တင်ပြခဲ့မှုမရှိကြောင်းကို သိရှိရပါကြောင်း၊ အဆိုပါကိစ္စအပေါ် တိုင်ကြားသူများသည် ဒိုးပင်ကျေးရွာတွင် နေထိုင်ကြသူများ မဟုတ်ကြောင်းကိုလည်း တွေ့ရပါကြောင်း၊ ၎င်းတို့အနေဖြင့် သီးနှံပျက်စီးမှုစာရင်းကို သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ တင်ပြမှုမရှိဘဲ လူမှုကွန်ရက်များသို့ တင်ပြရေးကိုသာ ဦးစားပေး ဆောင်ရွက်ခဲ့သည့်အလျောက်၊ ကျေးရွာအုပ်ချုပ်မှုအဖွဲ့ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု အားနည်းခဲ့သည့်အလျောက် အဆိုပါဖြစ်ရပ် ဖြစ်ပေါ်ခဲ့ရကြောင်းကို သုံးသပ်ရရှိပါကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးကလည်း ၎င်းတို့ထောက်ခံပေးရန် တင်ပြခဲ့သည့် သီးနှံပျက်စီးမှုစာရင်းကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီတို့သို့ တင်ပြခဲ့မှုမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

တင်ပြတိုင်ကြားသူ ဦးသန့်ဇော်အောင်ပါ ၃၀ ဦးတို့၏ လယ်ယာမြေများသည် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေလွှမ်းနစ်မြုပ်မှုရှိခဲ့သော်လည်း တံစဉ်လွတ်လုံးဝ ရိတ်သိမ်းခြင်းမပြုနိုင်သည့် အခြေအနေအထိ ဧရိယာအားလုံး ပျက်စီးခဲ့ခြင်းမဟုတ်ပါကြောင်း၊ တချို့တစ်ဝက်ကို ရေမလွှမ်းမီ ရိတ်သိမ်းခဲ့ပြီး ရေပြန်ကျပြီးနောက် အချို့ကို ရိတ်သိမ်းနိုင်ခဲ့ပါကြောင်း၊ ရေဝပ်သည့်နေရာအတွင်း၌သာ ပျက်စီးမှုအချို့ ရှိခဲ့သည်ကို သုံးသပ်ရရှိပါကြောင်း။

ယခုကဲ့သို့ စာရင်းကျန်ရှိခဲ့မှုနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးရှိနိုင်သော်လည်း ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များအနေဖြင့် စည်းရုံးဆောင်ရွက်နိုင်မှု အပါအဝင် အားနည်းချက်များရှိကြောင်းကို သုံးသပ်ရရှိပါကြောင်း၊ အချိန်တိုအတွင်းတွင် ဆောင်ရွက်ရသည့် ၎င်းတို့၏ တာဝန်ယူမှုအတိုင်းအတာဝန်နှင့်အား မမျှသည့် အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားပြီး အရေးယူမှုအပိုင်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အရေးယူမှုအပိုင်းတွင် ထီးချိုင့်မြို့နယ် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များဖြစ်ကြသည့် ဒိုးပင်ကျေးရွာ အုပ်ချုပ်ရေးမှူးကို အသိပေးမှတ်တမ်းတင်ဆုံးမခြင်းနှင့် တောင်သူလယ်သမားကိုယ်စားလှယ်နှင့် ရပ်မိရပ်ဖတို့ကို တာဝန်မှ နုတ်ထွက်စေခဲ့ပါကြောင်း၊ ကျေးရွာစာရေးကို မြို့နယ်ထွေ/အုပ်၏ စီမံခန့်ခွဲမှုနှင့် အရေးယူ၍ ကျေးရွာအုပ်စုမြေတိုင်းစာရေးကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၁၀(က)အရ ပြစ်ဒဏ်ချမှတ် အရေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ ရေကြီးနစ်မြုပ်မှုစာရင်းနှင့်ပတ်သက်၍ မြေပြင်တွင် ပြန်လည်စိစစ်ရန် အခြေအနေမပေးတော့သည့်အတွက် တင်ပြသူများအတွက် ထောက်ပံ့ကြေး ပြန်လည်ပေးအပ်နိုင်ခြင်းမရှိသည့် အခြေအနေဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်နှင့် အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သစ်တောဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## နိုင်ငံတစ်ဝန်း စိုက်ပျိုးရေး နည်းပညာပေး သင်တန်းများ၊ နီးနှောဖလှယ်ပွဲများ ကျင်းပပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဆွေးနွေး

ယင်းနောက် ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း တင်သွင်းသည့် **တိုင်းပြည် စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ဘဝ မြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတစ်ဝန်း စိုက်ပျိုးရေး နည်းပညာပေးသင်တန်းများ၊ နှီးနှောဖလှယ်ပွဲများ ကျင်းပပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် ကျေးလက်နေပြည်သူများဖြစ်ပြီး ကျေးလက်နေအများစုသည် တောင်သူလယ်သမားကြီးများပင် ဖြစ်ပါကြောင်း၊ အဆိုရှင် တင်ပြသကဲ့သို့ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး GDP တွင် ၃၀ ရာခိုင်နှုန်းသည် လယ်ယာသားငါးကဏ္ဍမှ ရရှိသည့် ပင်မထုတ်လုပ်သူများသည် တောင်သူလယ်သမားများပင်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်း ပြုနေရသည့် တောင်သူဦးကြီးများသည် လိုအပ်ချက်များ များစွာရှိနေသေးပါကြောင်း၊ အဆိုရှင်ကလည်း တောင်သူလယ်သမားများ၏ ဘဝမြင့်မားတိုးတက်ပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်အတွက် နိုင်ငံအဝှမ်းတွင် စိုက်ပျိုးရေးနည်းပညာများပေးရန်နှင့် နှီးနှောဖလှယ်ပွဲများ ကျင်းပပေးရန် တိုက်တွန်းလာခြင်းသည် ကောင်းမွန်ပါကြောင်း၊ ပြည်သူ့အစိုးရလက်ထက်တွင် တောင်သူများ၏ မျှော်လင့်ချက်များကို အမှန်တကယ်ရရှိနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တောင်သူများ ထဲထဲဝင်ဝင် သိရှိပြီး အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းပညာပေးမှုများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ပေးမည်ဆိုပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း ထောက်ခံဆွေးနွေးသည်။

အလားတူ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်၊ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၊ ရှာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းနှင့် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ပြီး အာဟာရပြည့်ဝသော ဘေးအန္တရာယ်ကင်းရှင်းသည့် ဈေးကွက်ဝင်သီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ၏

စာမျက်နှာ ၇ သို့ ☆

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၂၀**

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန် အစည်းအဝေး (၁၈) ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်း၊ အဆိုများ၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဆွေးနွေးခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။


ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း


မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ


တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦး

## ရေစကြိုမြို့နယ်တွင် ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်နိုင်ရန် ဆောင်ရွက်ပေးသွားမည်

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၏ **မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ပါဝင်သော ဧရာဝတီမြစ်ကမ်းဘေးမှ မြေတော်၊ နေရင်း၊ ဆင်တဲနှင့် နွယ်နီအုပ်စုရှိ ကျေးရွာများ ဧရာဝတီမြစ်ရေတိုက်စားခံနေရသဖြင့် ကိုယ်ထူကိုယ်ထ ရေကာတာများ တည်ဆောက်နေကြရာ နိုင်ငံတော်မှ ငွေအားနှင့် နည်းပညာပံ့ပိုးမှုတို့ အမြန်ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင်ပါဝင်သော ဧရာဝတီမြစ်ကမ်းဘေးမှ မြေတော်၊ နေရင်း၊ ဆင်တဲနှင့် နွယ်နီကျေးရွာများ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်နိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၅၀ အား မကွေးတိုင်းဒေသကြီးအစိုးရ၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ၌ ပထမဦးစားပေးအဖြစ် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းအကောင်အထည်ဖော် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## အားကစားနှင့် ကာယသိပ္ပံကျောင်းဆင်းပြီး ဘွဲ့တစ်ခုခုရရှိပြီးပါက အလယ်တန်းပြ(ကာယ) ဆရာများအဖြစ် ခေါ်ယူသည့်အချိန်တွင် လျှောက်ထားနိုင်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ရန်ကုန်-မန္တလေးမြို့ကြီးများ အပါအဝင် မြို့ကြီးခြောက်မြို့တွင် ဖွင့်လှစ်ထားသည့် အားကစားနှင့် ကာယသိပ္ပံကျောင်းများတွင် အားကစားနှင့်ပတ်သက်သည့် ပညာရပ်များကို သုံးနှစ်တာ စာတွေ့လက်တွေ့ သင်ကြားခဲ့ပြီးသည့် အားကစားနှင့် ကာယသိပ္ပံကျောင်းဆင်းများကို တစ်နိုင်ငံလုံးရှိ အခြေခံပညာအလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းများတွင် လိုအပ်လျက်ရှိသည့် ကာယဆရာများအဖြစ် ခန့်အပ်ပေးသွားရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာနရှိ အခြေခံပညာမူလတန်းကျောင်းများတွင် မူလတန်းပြ(ကာယ)သည် ဖွဲ့စည်းပုံတွင် ပါဝင်မှုမရှိသည့်အတွက် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းဆင်းများအား မူလတန်းပြ(ကာယ)များအဖြစ် ခန့်ထားပေး၍ မရနိုင်ပါကြောင်း၊ သို့သော် အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းဆင်းပြီး ဘွဲ့တစ်ခုခု( မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ပထဝီဝင်၊ သမိုင်း) ဘွဲ့ရရှိပြီးပါက ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် မူများနှင့်အညီ အလယ်တန်းပြ(ကာယ) ဆရာများအဖြစ် ခေါ်ယူသည့်အချိန်တွင် လျှောက်ထားနိုင်ပါကြောင်း၊ ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့မှ B.Sc (Sports) ဘွဲ့ရများအား လက်ရှိဘဏ္ဍာနှစ်တွင် ၂၅၀ အထိ ခန့်ထားနိုင်ရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် တင့်လွင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းနည်းဥပဒေများအား လွှတ်တော်၏အဆုံးအဖြတ် ရယူ အတည်ပြုသည်။

## အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များကို စိစစ်ပေးနိုင်ခြင်းဖြင့် အစိုးရနှင့် လွှတ်တော် အပြန်အလှန် ထိန်းကျောင်းနိုင်မည်

ဆက်လက်၍ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ **ဒုတိယအကြိမ် အမျိုးသားလွှတ်တော်သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦးက ကော်မတီသည် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း (၆) ကြိမ် ဆောင်ရွက်ခဲ့သည်ကို ဖော်ပြထားပါကြောင်း၊ ကော်မတီ၏ ဆောင်ရွက်ချက်များနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ခြင်းများကို ကြိုဆိုပါကြောင်း၊ သို့မှသာ နိုင်ငံသူနိုင်ငံသားများ၏ ပကတိအခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၏ လုပ်ဆောင်နေမှုများ တွေ့မြင်သိရှိပြီး ပြည်သူတို့၏ အသံကို အမှန်အတိုင်းကြားနိုင်ကာ အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များကို စိစစ်ပေးနိုင်ခြင်းဖြင့် အစိုးရနှင့်လွှတ်တော် အပြန်အလှန် ထိန်းကျောင်းခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကော်မတီ၏ ဆောင်ရွက်ချက် အစီရင်ခံစာကိုလည်း ကြိုဆိုပါကြောင်း၊ ဆလုံ တိုင်းရင်းသားများ မျိုးသုဉ်းပျောက်ကွယ်မှု မရှိရေး၊ ထာဝရရှင်သန် ရပ်တည်နိုင်ရေးအတွက် ကော်မတီ၏ အကြံပြုချက်များကိုလည်း ကြိုဆိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းအစီရင်ခံစာကို တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းတို့ကလည်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၈ ခုနှစ် မေ ၁၄ ရက်မှ ဇွန် ၂၀ ရက်အထိ အစည်းအဝေးကျင်းပရက် ၁၈ ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနေဖြင့် မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထု၏ အကျိုးအလို့ငှာ လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၈၆ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၂၄ ခု တို့ကို မေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက သက်ဆိုင်ရာ ဝန်ကြီးဌာန တစ်ခုချင်းအနေဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနအချင်းချင်းပေါင်းစပ်၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

## အဆိုတင်သွင်းခြင်း ကဏ္ဍ

အဆိုတင်သွင်းခြင်း ကဏ္ဍတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လွှတ်တော်က အဆိုကို အတည်ပြုခဲ့ပါကြောင်း။

## ဥပဒေကြမ်းတင်သွင်းခြင်း ကဏ္ဍ

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍအနေဖြင့် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** အား လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးအတည်ပြုရာ၌ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါကြောင်း။

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း၊ ယင်းဥပဒေအား ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါကြောင်း၊ **မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း၊ **အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း** အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း။

**မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)** အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်သို့ အသိပေးပြီး ဆွေးနွေးရန် အမည်စာရင်းတောင်းခံခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် **မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ ယင်းဥပဒေအား ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါကြောင်း။

**သစ်တောဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ **ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

**တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**အား ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါကြောင်း၊ **မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် အမည်စာရင်း တောင်းခံခဲ့ပါကြောင်း၊ **မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် အမည်စာရင်းတောင်းခံခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းသည့် ဥပဒေကြမ်းများမှာ အမျိုးသားလွှတ်တော် ဆဌမပုံမှန်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) (ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌ) ဦးကျော်ထွေး အဆိုတင်သွင်းခဲ့သည့် **အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**အား ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ် ရယူအတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ဆဌမပုံမှန် အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)(တောင်သူလယ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ) ဦးဘမျိုးသိန်း အဆိုတင်သွင်းခဲ့သည့် **၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် အမည်စာရင်းတောင်းခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်း၊ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

## အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍ

အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

# ငြိမ်းချမ်းရေးစကားဝိုင်းများမှသည် . . .

မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာတိုင်းရင်းသားများသည် ရှေးနှစ်သန်းပေါင်းများစွာကတည်းကပင် ဤပြည်ထောင်စုကြီးအတွင်း၌ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြသည်။ စည်းလုံးညီညွတ်သောနိုင်ငံကြီးများကိုလည်း တည်ထောင်နိုင်ခဲ့သည်။ ထိုခေတ်များတွင် အမျိုးဘာသာ၊ သာသနာ ထွန်းပြောင်ခဲ့သည်။ ဒေသတွင်း၌ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အင်အားတောင့်တင်းခိုင်မာခဲ့သည်။ သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည်။ နယ်ချဲ့တို့သည် လွတ်လပ်ရေးပေးချိန်တွင် တိုင်းရင်းသားပြည်သူများအကြား သံသယမျိုးစေ့ကိုလည်း ချပေးနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။ ယနေ့ဆိုလျှင် တိုင်းရင်းသားများအကြား ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများသည် နှစ် ၆၀ ကျော် ၇၀ ပင်ရှိနေပြီ ဖြစ်သည်။

### ငြိမ်းချမ်းရေးအတွက် ကြိုးပမ်း

သို့သော် ခေတ်အသီးသီးတွင် နိုင်ငံတော်တာဝန်ယူခဲ့ကြသည့် အစိုးရအစဉ်အဆက်သည် ပြည်တွင်းငြိမ်းချမ်းရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းခဲ့ကြသည်။ သိသာသော အောင်မြင်မှုအနေဖြင့် ယခင်အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ယခုအစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့နှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် NCA တွင် ပါဝင်လက်မှတ်ရေးထိုး ရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်လည်း စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံဆွေးနွေး ညှိနှိုင်းလျက်ရှိသည်။ မဝေးတော့သည့် အနာဂတ်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံး NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်လိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်မိပါသည်။

### အမျိုးသားရင်ကြားစေ့ရေးအတွက် ကြိုးပမ်း

လက်ရှိအစိုးရသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နေသည့် လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားအားလုံး ပါဝင်ဆောင်ရွက်စေလိုသောဆန္ဒ ပြင်းပြနေသည်။ ထို့ကြောင့် တချို့သော တိုင်းရင်းသားပြည်သူများ၏ရင်ထဲတွင် စွဲထင်နေသော သံသယများကို ဖယ်ရှားဖို့ရန် တစိုက်မတ်မတ် ကြိုးပမ်းလျက်ရှိသည်။ ထိုသို့ သံသယများ ဖယ်ရှားပြီးနောက် အပြန်အလှန်ယုံကြည်မှုဖြင့် တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးရရှိအောင် အစဉ်တစိုက် ဆောင်ရွက်နေမှုကို ပြည်သူတစ်ဦးအနေဖြင့် များစွာအားတက်မိပါသည်။

ထိုသို့ယုံကြည်မှုတည်ဆောက်ရာတွင် ထိတွေ့ဆက်ဆံဆွေးနွေးပြီးနောက် တိုင်းရင်းသားအားလုံး၏ ရင်ဖွင့်သံကို နားထောင်ရန် အခွင့်အလမ်းဖန်တီးပေးခဲ့သည်။ ထို့ကြောင့် ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ထို့အပြင် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံကိုလည်း ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပနိုင်ခဲ့သည်။ ထိုညီလာခံများတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် အချေအတင်ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့သည်။ သိသာသော အောင်မြင်မှုများလည်း ရရှိခဲ့ပေသည်။

ထို့အပြင် လက်ရှိအချိန်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံ တတိယအစည်းအဝေး ကျင်းပနိုင်ရေးအတွက်လည်း အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။ မကြာမီအချိန်အတွင်း ကျင်းပနိုင်လိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်မိပါသည်။ ထိုညီလာခံကြီး၌လည်း ထာဝရငြိမ်းချမ်းရေးနှင့် တိုင်းပြည်တည်ဆောက်ရေးတို့အတွက် အထောက်အကူဖြစ်စေမည့် သဘောတူညီချက်များ၊ ရလဒ်များ ထွက်ပေါ်လာနိုင်မည်မှာ ဧကန်မုချပင်ဖြစ်သည်။

### ငြိမ်းချမ်းရေးစကားဝိုင်းများ

ထို့အပြင် တိုင်းပြည်ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် အထောက်အကူပြုရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အလွှာပေါင်းစုံမှ ပြည်သူများ အထူးသဖြင့် လူငယ်များနှင့် အခါအားလျော်စွာ တွေ့ဆုံလျက် ရင်ဖွင့်သံများ၊ ခံစားချက်များ၊ တင်ပြချက်များကို နားထောင်ကာ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ ပေါင်းစပ်ဖြေရှင်းခြင်းနှင့် လမ်းညွှန်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

ဆိုရလျှင် ငြိမ်းချမ်းရေးစကားဝိုင်းများ ပြုလုပ်လာသည်မှာ ခုနစ်ကြိမ်အထိ ရှိနေပြီဖြစ်သည်။ ထိုစကားဝိုင်းများကို တီဗွီမှ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သဖြင့် ပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုနားထောင်ခဲ့ကြသည်။ ပါဝင်ဆွေးနွေးခဲ့ကြသည့် ပြည်သူများ၊ အထူးသဖြင့် လူငယ်များ၏ အမြင်များကို သိရှိခွင့်ရရှိခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဆွေးနွေး လမ်းညွှန်ဖြေရှင်းမှုများကိုလည်း သိခွင့်ရခဲ့သည်။ နိုင်ငံတစ်ဝန်းကျင်းပခဲ့သော ငြိမ်းချမ်းရေးစကားဝိုင်းများမှာ-

(၁) ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များစကားဝိုင်း။

(၂) ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း။

(၃) ၂၀၁၇ ခုနှစ် ဧပြီလ ၁၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေ လူငယ်များစကားဝိုင်း။

(၄) ၂၀၁၇ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာ သီဟာရာမ ဘုန်းတော်ကြီးကျောင်း၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြေတိုင်ကန်ကျေးရွာမှ ကျေးရွာသားများ ငြိမ်းချမ်းရေး စကားဝိုင်း။

(၅) ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကယားပြည်နယ် ဒေသခံလူငယ်များ ငြိမ်းချမ်းရေး စကားဝိုင်း။

(၆) ၂၀၁၈ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများစကားဝိုင်း။

(၇) ၂၀၁၈ ခုနှစ် ဇွန်လ ၁၄ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မွန်ပြည်နယ်ဒေသခံပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်း။

### ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့်

ဇွန် ၁၄ ရက်က ပြုလုပ်ခဲ့သော မွန်ပြည်နယ် ဒေသခံပြည်သူများနှင့် ငြိမ်းချမ်းရေးစကားဝိုင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ငြိမ်းချမ်းရေးအတွက် လုပ်တဲ့ကိစ္စတွေအားလုံးကလည်း တရားဥပဒေဘောင်အတွင်းက ဖြစ်ရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကို မထိခိုက်ဘဲ လုပ်ရန် အရေးကြီးပါကြောင်း၊ တရားဥပဒေအရ ခွင့်မပြုထားတဲ့နည်းနဲ့တော့ လုပ်လို့မရပါကြောင်း၊ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့မှု အရေးကြီးပါကြောင်း၊ တစ်ချိန်လုံး ထိတွေ့နေရပါမယ်၊ ညှိနှိုင်းနေရမယ်၊ တိုင်ပင်နေရပါမယ်၊ နောက်တစ်ဖက်က လိုအပ်ချက်က ဘယ်လိုရှိတယ်၊ တစ်ဖက်က ဒါကို ဘယ်လိုဖြည့်ဆည်းပေးနိုင်မလဲ၊ အဲဒီနိုင်ငံရေးယဉ်ကျေးမှုကို ယုံကြည်ပြီဆိုရင် မိမိတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဟာ ခိုင်မာပြီပဲ ဖြစ်ပါကြောင်း၊ ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် အဖြေရှာလို့ရတယ်ဆိုတဲ့ ယုံကြည်မှုရှိအောင်လုပ်ဖို့ အားလုံးမှာ တာဝန်ရှိပါကြောင်း" ဖြင့် တိုက်တွန်းပြောကြားသွားခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ပြည်သူများကို တပ်လှန့်နှိုးဆော်ခဲ့ခြင်း ဖြစ်သည်။

### ငြိမ်းချမ်းရေးသည် အသက်တမျှအရေးပါ

ငြိမ်းချမ်းရေးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မရေသောက်မြစ်ပင် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအတွက် အသက်တမျှအရေးပါသော ထိုငြိမ်းချမ်းရေးအား ရယူတည်ဆောက်နိုင်ရန်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားပြီး ယုံကြည်မှုတည်ဆောက်သွားရန် လိုအပ်ပါသည်။ ဦးစွာယုံကြည်မှုတည်ဆောက်ပြီးမှသာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံသားများအကြား သံသယပွားနေသမျှ ကာလပတ်လုံး ထာဝရငြိမ်းချမ်းရေးသည် အလှမ်းကွာဝေးနေဦးမည် ဖြစ်သည်။

### ငြိမ်းချမ်းရေးအသီးအပွင့်များ

လက်ရှိအချိန်အထိ အပစ်အခတ်ရပ်စဲနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးရယူထားသော ပြည်နယ်များတွင် မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူများသည် အတိတ်ကာလကဲ့သို့ ကျီးလန့်စာစားဘဝမျိုး မဟုတ်တော့ပေ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသသည် တည်ငြိမ်အေးချမ်းနေပြီဖြစ်သည်။ ထိုဒေသများရှိ ပြည်သူများသည် ငြိမ်းချမ်းရေးအသီးအပွင့်များကို ခံစားနေပြီဖြစ်သည်။ တိုင်းရင်းသားများသည် နေ့စဉ်လူမှုဘဝအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အေးချမ်းတည်ငြိမ်ပျော်ရွှင်စွာ လုပ်ကိုင်စားသောက်နေထိုင်လျက်ရှိကြသည်မှာ တွေ့ရ၊ မြင်ရသူတိုင်းအတွက် စိတ်ချမ်းမြေ့ဖွယ်ရာမြင်ကွင်းများပင် ဖြစ်သည်။

အထူးသဖြင့် အပစ်အခတ်ရပ်စဲထားသော ဒေသများတွင် လမ်း၊ တံတား၊ စာသင်ကျောင်း၊ ဆေးခန်း၊ ဆက်သွယ်ရေးစခန်း စသည့်အခြေခံအဆောက်အအုံများ တိုးတက်လာသဖြင့် ကျောင်းသားမိဘများနှင့် ဒေသခံများ စိတ်ချမ်းမြေ့လျက်ရှိကြသည်။ ထိုသို့ နိစ္စဓူဝ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စိုးရိမ်ကြောင့်ကြမှုကင်းစွာ သွားလာလှုပ်ရှား ကူးသန်းရောင်းဝယ်မှုများ လုပ်ကိုင်နိုင်သဖြင့် ဒေသခံပြည်သူများ၏ လူမှုဘဝများ တစ်ဟုန်ထိုးတိုးတက်လျက်ရှိသည်မှာ ကျွန်တော်တို့အားလုံး လက်ခံရမည့် အမှန်တရားပင် ဖြစ်ပါသည်။

အတိတ်က မည်သို့ပင်ဖြစ်ခဲ့စေကာမူ လက်ရှိပစ္စုပ္ပန်တွင် တာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်အနာဂတ်အတွက် ရိုးသားပွင့်လင်းသည့် စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်သွားသင့်ပေသည်။ ထိုသို့ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေနိုင်သည့်အချက်များကို အထူးသတိထားရှောင်ကြဉ်သွားရန်လည်း လိုအပ်သည်။ ပြည်သူအားလုံး၏ တူညီသော ရည်မှန်းချက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးသာ ဖြစ်သောကြောင့် နှစ်ဖက်အဖွဲ့အစည်းများအကြား ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားမည်ဆိုလျှင် ငြိမ်းချမ်းရေးမရရှိနိုင်စရာ အကြောင်းမရှိချေ။

### ငြိမ်းချမ်းရေးစကားဝိုင်းများမှသည်

စင်စစ်အားဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ၅၁ သန်းကျော်သော ပြည်သူများနှင့် ထိတွေ့ဆက်ဆံဆွေးနွေးသွားလိုသောဆန္ဒ ရှိနေသည်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူများ၏ ရင်ဖွင့်သံများ၊ အမြင်သဘောထားများ၊ အခက်အခဲများကို နားထောင်ပြီး ပေါင်းစပ်ဖြည့်ဆည်းသွားလိုသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ အထူးသဖြင့် အနာဂတ်တွင် တိုင်းပြည်တာဝန်ယူကြမည့် လူငယ်အားလုံးက ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းစဉ်အပေါ် ထားရှိသည့်သဘောထားနှင့် စကားသံများကိုလည်း နားထောင်ဆွေးနွေးသွားလိုရင်း ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံတစ်ဝန်း ကျင်းပနေသည့် ငြိမ်းချမ်းရေးစကားဝိုင်းများမှသည် အပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်မည့်လုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်သွားနိုင်ပါစေဟု ဆန္ဒပြုမိပါသည်။ ။

> "အတိတ်က မည်သို့ပင်ဖြစ်ခဲ့စေကာမူ လက်ရှိပစ္စုပ္ပန်တွင် တာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်အနာဂတ်အတွက် ရိုးသားပွင့်လင်းသည့် စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်သွားသင့်ပေသည်။ ထိုသို့ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေနိုင်သည့်အချက်များကို အထူးသတိထား ရှောင်ကြဉ်သွားရန်လည်း လိုအပ်သည်။ ပြည်သူအားလုံး၏ တူညီသော ရည်မှန်းချက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးသာ ဖြစ်သောကြောင့် နှစ်ဖက်အဖွဲ့အစည်းများအကြား ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားမည်ဆိုလျှင် ငြိမ်းချမ်းရေးမရရှိရန် အကြောင်းမရှိချေ။"

# လွှတ်တော်အဆောက်အအုံများကြံ့ခိုင်ရေး ဗဟိုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၀**

လွှတ်တော်အဆောက်အအုံများကြံ့ခိုင်ရေးနှင့် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်ပိုင်း၊ ရုပ်/သံပိုင်း ဆက်သွယ်ရေးပိုင်းဆိုင်ရာနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာစနစ်များ စစ်ဆေးပြုပြင်ရေးအတွက် လွှတ်တော်အစည်းအဝေးများကျင်းပရေး၊ ဗဟိုကော်မတီနှင့်သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီ နာယကများဖြစ်ကြသည့် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီ နာယကများက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**



ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ အကြံပြုဆွေးနွေးပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီးက ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

---

❍ စာမျက်နှာ ၅ မှ

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ ၂၅ ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ တစ်ကြိမ်၊ လွှတ်တော်အခွင့်အရေးကော်မတီ တစ်ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ကိုးကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ လေးကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ သုံးကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ လေးကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ နှစ်ကြိမ်၊ တောင်သူလယ်သမားရေးရာ ကော်မတီ ခြောက်ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ လေးကြိမ်၊ ပညာရေး မြှင့်တင်မှုကော်မတီ လေးကြိမ်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ ခြောက်ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ခြောက်ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ခြောက်ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ၁၁ ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လေးကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ လေးကြိမ် စုစုပေါင်းကော်မတီ အစည်းအဝေး အကြိမ် ၁၀၀ ပြုလုပ်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် သုတေသန ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတိုသုံးစောင်ထုတ်ဝေခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်၏ ၂၀၁၈ ခုနှစ် မေ ၁၄ ရက်မှ ၂၁ ရက်အထိ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်း Info Note – Vol (2) စောင်ရေ ၂၃၀ နှင့် ၂၀၁၈ ခုနှစ် မေ ၂၂ ရက်မှ ဇွန် ၆ ရက်အထိ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်း Info Note – Vol (3)စောင်ရေ ၂၃၀ တို့ကို ထုတ်ဝေနိုင်ခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ် ၆၃ ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများအနက် ၄၈ ချက်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ ၁၅ ချက်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့၏ မဲဆန္ဒရှင် ပြည်သူများ အကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏ အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

---

☆ စာမျက်နှာ ၄ မှ

စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် ဈေးကောင်းရသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအပေါ် အထောက်အပံ့ဖြစ်စေမည့် လယ်ယာကဏ္ဍဆိုင်ရာ ဈေးကွက်သတင်းများ၊ ပညာပေး အစီအစဉ်များ ကဏ္ဍစုံပါဝင်သော တောင်သူလယ်သမား ကဏ္ဍရုပ်သံလိုင်း (Farmer Channel) အစီအစဉ်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ တောင်သူသမားများသိလိုသည့် နည်းပညာများ၊ တွေ့ကြုံနေရသည့် အခက်အခဲများကို မေးမြန်းနိုင်သည့် Call Center ကို ဖွင့်လှစ်ဆောင်ရွက်ပြီး အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားပေးလျက်ရှိပါကြောင်း၊ တိုးချဲ့ဆောင်ရွက်နိုင်ရန်လည်း ကြိုးပမ်းလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ၊ ပုဂ္ဂလိက စိုက်ပျိုးရေးကုမ္ပဏီများနှင့် စိုက်ပျိုးရေးဝါသနာရှင်များ လွယ်လင့်တကူ လေ့လာနိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ ပညာပေး စာစောင်၊ စာအုပ်များကို စိုက်ပျိုးရေးဦးစီးဌာန၏ Website နှင့် Facebook စာမျက်နှာတို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန်အတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ဘဝ မြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးလာစေရေးတို့အတွက် နည်းပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများနှင့် နိုးနှော ဖလှယ်ပွဲများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေချိန်တွင် လွှတ်တော်ကိုယ်စားလှယ်ကြီးအဆိုသည် လက်ရှိအခြေအနေအပေါ် ထင်ဟပ်၍ နိုင်ငံအတွက်လည်း လိုအပ်သည့် အခြေအနေဖြစ်ခြင်းကြောင့် အဆိုကို ထောက်ခံပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အဆိုရှင်၏သဘောထားရယူရာ အဆိုရှင်မှ အတည်ပြုပေးရန် တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## ဒေသနယ်ပယ်အလိုက် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ရပ်ရွာအရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မေ ၁၄ ရက်က စတင်ကျင်းပခဲ့သည့် အဋ္ဌမပုံမှန်အစည်းအဝေးသည် မကြာခင် ပြီးဆုံးတော့မည်ဖြစ်ပါကြောင်း၊ ယင်းအစည်းအဝေးကာလအတွင်း ဆောင်ရွက်ချက်များအနေဖြင့် ကြယ်ပွင့်ပြမေးခွန်း ၁၀၉ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြ မေးခွန်း ၂၄၅ ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အရေးကြီးအဆို တစ်ခုနှင့် ဝမ်းနည်းကြောင်းအဆို တစ်ခုအပါအဝင် အဆို ၁၃ ခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို လေးခု၊ မှတ်တမ်းတင်အဆို သုံးခု၊ အတည်မပြု အဆို တစ်ခုနှင့် လက်ခံဆွေးနွေးရန် မသင့်အဆို တစ်ခုတို့ဖြစ်ကြပါကြောင်း၊ တင်သွင်းပြီး ဆွေးနွေးရန် ကျန်အဆို လေးခု ကျန်ရှိပါကြောင်း၊ ဥပဒေကြမ်းများအနေဖြင့် ယခုအစည်းအဝေးကာလအတွင်း ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၃၇ ခုရှိပြီး ဥပဒေကြမ်း ၁၄ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၂၃ ခု ရှိပါကြောင်း။

အစည်းအဝေးကာလအတွင်း အခြားဆောင်ရွက်ချက်များအနေဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ နိုင်ငံအသီးသီးနှင့် ပြည်ပအဖွဲ့အစည်းများက ပေးပို့လာသည့် ဂုဏ်ပြုဝမ်းမြောက်ကြောင်း သဝဏ်လွှာ ၁၈ စောင်ကို မှတ်တမ်းတင်ခြင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ် ငါးခုကို မှတ်တမ်းတင်ခြင်း၊ အစားထိုးပြောင်းလဲသည့် တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၁၁ ဦး ကတိသစ္စာပြုခြင်းနှင့် ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို သက်တမ်းတစ်နှစ် တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီများနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များအနေဖြင့် လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ တာဝန်ပေးအပ်ခြင်း၊ ဥပဒေကြမ်းကော်မတီနှင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ခြောက်ဦးကို ကော်မတီအသီးသီးတွင် အဖွဲ့ဝင်များအဖြစ် အစားထိုးလဲလှယ်တာဝန်ပေးအပ်ခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကိုးဦးကို ကော်မတီအသီးသီးတွင် အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်း ဖွဲ့စည်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ကော်မတီအဖွဲ့ဝင် ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒီမိုကရေစီ၏ အသက်သွေးကြောဖြစ်သည့် လွှတ်တော်လုပ်ငန်းစဉ်များ မှန်ကန်စွာ လည်ပတ်နိုင်ရေးသည် ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်ရှိမှုအပေါ်တွင် အဓိက မူတည်နေပါကြောင်း၊ မိမိတို့သည် မဲဆန္ဒရှင်ပြည်သူများကို ကိုယ်စားပြုပြီး ဥပဒေပြုရေး မဏ္ဍိုင်ခိုင်မာ အားကောင်းအောင် ဆောင်ရွက်နေကြရသူများ ဖြစ်ပါကြောင်း။

ဥပဒေပြုသူများပီပီ တည်ဆဲ ဥပဒေ၊ နည်းဥပဒေများကို စံနမူနာပြ လေးစားလိုက်နာကြသူများအဖြစ် မိမိကိုယ်ကို အမြဲတည်ဆောက်နေကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်တွင် မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုများဆွေးနွေးခြင်း ဆောင်ရွက်သည့်အခါတွင်လည်း လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများမှာ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများ ၊ အစည်းအဝေးတွင် လိုက်နာရန် စည်းကမ်းများ၊ မေးခွန်း၊ အဆိုတို့နှင့် ပတ်သက်သည့် ကန့်သတ်ချက်များ၊ စည်းကမ်းချက်များကို သက်ဆိုင်ရာ အခန်းကဏ္ဍများအလိုက် သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့သည် မေးခွန်းနှင့် အဆိုကိစ္စများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သလို လွှတ်တော်၏ အဓိက လုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်များ ဆောင်ရွက်သည့်အခါတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရေးကို အထူးသတိပြုရမည် ဖြစ်ပါကြောင်း၊ အစည်းအဝေးရပ်နားထားစဉ်ကာလအတွင်း ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံသည့်အခါတွင် ပြည်သူလူထုက ယုံကြည်အားကိုး လေးစားတန်ဖိုးထားရသူများအဖြစ် ပြုမူပြောဆိုနေထိုင်သွားကြရန် မှာကြားလိုပါကြောင်း၊ ဒေသနယ်ပယ်အလိုက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ရပ်ရွာအရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

မိမိတို့သည် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေသူများ ပီသစွာ ပြည်သူလူထုကိုလည်း စစ်မှန်သည့် ဒီမိုကရေစီစိတ်ဓာတ်နှင့် အလေ့အကျင့်ကောင်းများကို လေးစားလိုက်နာကြစေရန် ပူးပေါင်းဆောင်ရွက် ပေးကြစေလိုပါကြောင်း၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူများ၏ မျှော်လင့်ချက်များ၊ ဆန္ဒများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သူများအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါ စေတနာကောင်းတစ်ခုတည်းနှင့် မလုံလောက်ဘဲ မိမိတို့၏ အတွေ့အကြုံ၊ ပညာ၊ ဗဟုသုတ၊ ဆင်ခြင်တုံတရားတို့ကို ပေါင်းစပ်ပြီး ဆောင်ရွက်မှသာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကောင်းမွန်သည့် အကျိုးရလဒ်များ ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း။

လွှတ်တော်ရပ်နားထားစဉ်ကာလတွင် မိမိတို့၏ မဲဆန္ဒရှင် ပြည်သူများထံ အရောက်သွားပြီး ပြည်သူ့အသံကို အလေးထား မှတ်သားနားထောင်ကြပါ။ ဒေသဖွံ့ဖြိုးရေးကိစ္စများတွင် စေတနာအပြည့်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။ ထိုသို့ ဆောင်ရွက်သည့်အခါတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဘောင်မကျော်စေဘဲ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ကြပါ။ ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲများ မထားဘဲ ပြည်သူ့အကျိုးအတွက် ဦးစားပေးဆောင်ရွက်ကြပါ။ အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို စဉ်ဆက်မပြတ်ကာကွယ်မြှင့်တင်ဆောင်ရွက်ကြပါ။ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ပြည်သူနှင့်အတူ ပူးပေါင်းကာကွယ်ဆောင်ရွက်ပေးကြပါရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

### ❂ (၇၁)နှစ်မြောက်မှ

ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် နိုင်ငံခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်နေ့ရက်ကို မမေ့မလျော့စေရန်နှင့် လွတ်လပ်ရေးရရှိအောင် အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်ခဲ့ရသည်ကို နောင်လာနောက်သားများ သိရှိနားလည်ပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်ရည်ရွယ်၍ အာဇာနည်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုအခါ (၇၁)နှစ်မြောက်ရှိပြီဖြစ်ပါကြောင်း။

#### ဖွဲ့စည်းခဲ့

ယခုနှစ်တွင် ကျင်းပမည့် (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီတို့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၈)ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

(၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီတွင် ဒုတိယသမ္မတက နာယက၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ ၁၈ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် (၃) ရပ် ချမှတ်ထားပါကြောင်း။

#### လုပ်ငန်းတာဝန် (၁၂)ရပ်

အလားတူ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်ကာ ၂၆ ဦးဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန် (၃)ရပ် ချမှတ်ထားပါကြောင်း၊ လုံခြုံရေးကော်မတီ၌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဦးဆောင်၍ ၁၆ ဦးဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန် (၁၂)ရပ် ချမှတ်ထားပါကြောင်း။

ချမှတ်ထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီ (၈)ခုဖြစ်သည့် အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီ၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ပြသရေးဆပ်ကော်မတီ၊ လွမ်းသူ့ပန်းခွေချအလေးပြု အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး) အလံတင်အခမ်းအနားကျင်းပရေးဆပ်ကော်မတီတို့ကိုလည်း ယခင်နှစ်အတိုင်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း။

#### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

(၇၁)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယခင်နှစ်များနည်းတူ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပမည်ဖြစ်သဖြင့် နိုင်ငံတော်အဆင့်ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများအနေဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

အာဇာနည်ဗိမာန်တွင် ကျင်းပမည့် အာဇာနည်နေ့အခမ်းအနားအတွက် လိုအပ်သည့် ပြင်ဆင်မှုများကို အချိန်မီပြီးစီးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ အခမ်းအနားသို့ တက်ရောက်လာမည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ အပါအဝင် တက်ရောက်လာကြသူများကို ကြိုဆိုနေရာချထားရာတွင် လစ်ဟာမှုမရှိအောင် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်းပြီး စနစ်တကျစီမံဆောင်ရွက်သွားကြရန်နှင့် ဂါရဝပြုရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အဝင်အထွက် အချိန်ကိုက်ဖြစ်စေရေး သေချာစွာ အကွက်စေ့စေ့ စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

#### ကြိုတင်ဇာတ်တိုက်လေ့ကျင့်

အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ကျင်းပမည့် အလံတင်ခြင်းနှင့် အလေးပြုခြင်းအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး စနစ်တကျစုဖွဲ့၍ ကြိုတင်ဇာတ်တိုက်လေ့ကျင့်သွားကြရန်၊ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့်အခန်းအား ယခင်အတိုင်း ခင်းကျင်းပြသနိုင်ရေးအတွက် အဆောက်အအုံ၏ ကြံ့ခိုင်မှုအခြေအနေအပေါ် မူတည်၍ ပြန်လည်သုံးသပ်ကာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးခန်းမအား ယခင်နှစ်အတိုင်း ပြန်လည်ခင်းကျင်းပြသနိုင်အောင် ဆောင်ရွက်သွားကြစေလိုပါကြောင်း။

#### သပ်ရပ်တင့်တယ်စေရေး

ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် အဆောက်အအုံကြံ့ခိုင်မှုရှိစေရေး၊ အသုံးအဆောင်ပစ္စည်းများအား ယခင်နှစ်အတိုင်း ခင်းကျင်းပြသနိုင်ရေးနှင့် ခြံဝင်းအတွင်း စိုက်ပျိုးသီးနှံများနှင့်တကွ သပ်ရပ်တင့်တယ်စေရေးတို့ကို အချိန်မီပြီးစီးအောင် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လုံခြုံရေးကော်မတီအနေဖြင့် အခမ်းအနားကျင်းပမည့်နေရာများ၌ လုံခြုံရေးတာဝန် ဆောင်ရွက်ရာတွင် ပေးအပ်ထားသည့် လုပ်ငန်းတာဝန် (၁၂)ရပ်နှင့်အညီ လစ်ဟာမှုမရှိအောင် အထူးအလေးထား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

#### ကြိုတင်ထုတ်လွှင့်နိုင်ရေး

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း အာဇာနည်နေ့နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ပြည်သူများသိရှိနိုင်ရန်အတွက် ယခင်နှစ်များနည်းတူ သတင်းဆောင်းပါးများ၊ အင်တာဗျူးများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ သီချင်းများ၊ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့သည့်မှတ်တမ်းများ၊ ရုပ်ရှင်များစသည်တို့ကို သတင်းစာ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် ကြိုတင်ထုတ်လွှင့်နိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အနှစ်သာရပြည့်ဝစွာဖြင့် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုံခြုံရေးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့အနေဖြင့် မိမိတို့ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

#### အကြံပြုဆွေးနွေး

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဦးသန့်စင်၊ ဦးကျော်ဦးလွင်၊ ဒေါက်တာဇော်မြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ အမြဲတမ်းအတွင်းဝန်များ ဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးတင်မောင်ဦး၊ ဦးထွန်းထွန်းနိုင်နှင့် ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးစိုးသန်းတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် လိုအပ်သည်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီ နာယက ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

### ❒ (၅၅) ကြိမ်မြောက်မှ

ထို့နောက် ဒုတိယသမ္မတသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့်မြန်မာ့ပုလဲအတွဲများကို လှည့်လည်ကြည့်ရှုသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုကျင်းပသည့် (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ၉၃ ပွဲမြောက်ဖြစ်ကာ ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည် ဖြစ်သည်။

ပြပွဲတွင် ကျောက်စိမ်းအရိုင်းများ၊ ကျောက်စိမ်းအချောထည်များ၊ ကျောက်မျက်အရိုင်းများနှင့် ကျောက်မျက်အချောထည်များ၊ လက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများနှင့် ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး မြန်မာ့ပုလဲအတွဲ ၃၆၀ ကို ဇွန် ၂၀ ရက်နှင့် ၂၁ ရက်တွင်လည်းကောင်း၊ ကျောက်မျက်အတွဲ ၃၃၆ တွဲ ကို ဇွန် ၂၃ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲ ၆၇၉၅ တွဲကို ဇွန် ၂၄ ရက်မှ ၂၉ ရက်ထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်များဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မြန်မာ့ပုလဲအတွဲအမှတ် ၁ မှ ၁၂၀ အထိ ဝယ်ယူခွင့်ရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ပုလဲအတွဲအမှတ် ၁၂၁ မှ ၂၄၀ အထိနှင့် အတွဲအမှတ် ၂၄၁ မှ ၃၆၀ အထိ ဝယ်ယူခွင့်ရရှိသူများစာရင်းကို ဇွန် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာ-အိန္ဒိယ နယ်စပ်တံတား ယာဉ်ဖြတ်သန်းမှု တစ်လကြာပိတ်ပင်ထားခြင်းကြောင့် ကုန်စည်စီးဆင်းမှု နှေးကွေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၀**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်တံတားမှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုကို မေ ၂၁ ရက်မှစ၍ အိန္ဒိယနိုင်ငံအာသံရိုင်ဖယ်တပ်မှ ပိတ်ပင်ထားသောကြောင့် ကုန်စည်တင်ပို့၊ တင်သွင်းမှု အခက်အခဲကြုံတွေ့လျက်ရှိကြောင်း သိရသည်။

မြန်မာ-အိန္ဒိယတံတားမှ ယာဉ်များဖြတ်သန်းသွားလာမှုပိတ်ပင်ထားခြင်းကြောင့် တွေ့ကြုံရသည့်အခြေအနေအပေါ် ရိခေါဒါရ်မြို့ UKP ကုမ္ပဏီမှကိုယ်စားလှယ် ဦးဒေါ့သ်ခိုင်က "နယ်စပ်တံတားကနေ မော်တော်ယာဉ်တွေ ဖြတ်သန်းဝင်၊ထွက် သွားလာမှုကို ပိတ်ပင်ထားတာ တစ်လရှိပါပြီ။ အခုထိ ဘာမှထူးခြားမှုမရှိသေးဘူး၊ ကျွန်တော်တို့ ကုန်သည်လုပ်ငန်းရှင်တွေအနေနဲ့ အခက်အခဲအများကြီး ကြုံတွေ့ရပါတယ်၊ အရင်ကဆို ဓာတ်မြေသြဇာတွေကို အိန္ဒိယဘက်ကနေ ကုန်ကားကြီးတွေနဲ့ နယ်စပ်တံတားဖြတ်ပြီး ကျွန်တော်တို့ ဂိုဒေါင်အရောက် ပို့ပေးတာမှ ဓာတ်မြေသြဇာတစ်အိတ်ကို ခုနစ်ရူပီးလောက်ပဲပေးရတယ်။ အခု တံတားပိတ်ထားတော့ နယ်စပ်တံတားနားအထိပဲ ပို့တာတောင် ၁၀ ရူပီး လောက်ပေးရတယ်။ ဒါတောင် ဂိုဒေါင်ထိ မဟုတ်သေးဘူး၊ ဒီလိုပိတ်ထားတဲ့အတွက် အရင်က ဓာတ်မြေသြဇာအိတ်ပေါင်း သောင်းဂဏန်းနဲ့ချီပြီး တင်သွင်းနိုင်ပေမယ့် အခုကျတော့ အလုပ်သမားလုပ်အားနဲ့ ထမ်းပို့ရတာဆိုတော့ တစ်နေ့ကို အိတ် ၅၀၀၀ လောက်ပဲ တင်သွင်းနိုင်တော့တယ်။ လိုသလောက် ပစ္စည်းမရနိုင်ဘူး။ အချိန်ကြန့်ကြာမှုနဲ့ ကုန်စည်စီးဆင်းမှုနှေးကွေးကြန့်ကြာတဲ့ ပြဿနာတွေ ကြုံတွေ့နေရပါတယ်" ဟု ပြောသည်။

အဆိုပါ နယ်စပ်တံတားမှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ပိတ်ပင်ထားခြင်းကြောင့် မြန်မာနိုင်ငံဘက်မှ အဓိကပို့ကုန်တစ်ခုဖြစ်သည့် ကွမ်းသီးတင်ပို့မှုကို ခေတ္တရပ်နားထားကြောင်း၊ အဓိကမှာ အလုပ်သမားငှားရမ်း၍ ထမ်းပို့ရသည့်အတွက် အလုပ်သမားငှားရမ်းခ အဆမတန်ကုန်ကျခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။

ထို့ပြင် မြန်မာ-အိန္ဒိယနယ်စပ်ဖြတ်သန်းခ ကောက်ခံမှုကိုလည်း အိန္ဒိယနိုင်ငံသုံး ရူပီးငွေဖြင့် ကောက်ခံနေခြင်းမှ မြန်မာကျပ်ငွေဖြင့် ဇွန် ၂၀ ရက်မှစ၍ ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှသိရသည်။ ထိုသို့ ပြောင်းလဲကောက်ခံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တနင်္လာနေ့ သတ်မှတ်ငွေလဲလှယ်နှုန်းအတိုင်း အပတ်စဉ်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-အိန္ဒိယနယ်စပ် ဖြတ်သန်းခကောက်ခံမှုအနေဖြင့် လူတစ်ဦးလျှင် ၁၀ ရူပီး၊ ဆိုင်ကယ်တစ်စီးလျှင် ၂၅ ရူပီး၊ မော်တော်ယာဉ်တစ်စီးလျှင် ၁၀၀ ရူပီး ကောက်ခံကြောင်းသိရသည်။ ယနေ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ သတ်မှတ်ငွေလဲလှယ်နှုန်းမှာ တစ်ရူပီးလျှင် ငွေကျပ် ၂၀ ဒသမ ၀၂၆ ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

❒

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် UNESCO မှ မြန်မာနိုင်ငံရုံး၏ အကြီးအကဲဖြစ်သူ Ms. Min Jeong Kim နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် UNESCO မှ မြန်မာနိုင်ငံရုံး၏ အကြီးအကဲဖြစ်သူ Ms. Min Jeong Kim နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်မှတ်တမ်းပါ အကြံပြုချက်များအပေါ် မြန်မာ့မီဒီယာလောကမှ ပါဝင်ပတ်သက်သူအားလုံး၏ သုံးသပ်ချက်များ ပါဝင်သော အစီရင်ခံစာကို နောက်ဆုံးအဆင့် ပြုစုဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ မီဒီယာအသိပညာပေးရေး (Media Information Literacy) နှင့် ပတ်သက်သည့် အကြောင်းအရာများကို စာသင်ကျောင်းများတွင် သင်ရိုးညွှန်းတမ်းတစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားပေးနိုင်ရေး၊ ဆရာ ဆရာမများအတွက် သင်တန်းဖွင့်လှစ်ပို့ချပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်နိုင်မှုအခန်းကဏ္ဍ ပိုမိုမြှင့်တင်ပေးရေး ဆောင်ရွက်ရန်ရှိသည့်အခြေအနေ၊ ရုပ်သံမီဒီယာနည်းဥပဒေအတွက် UNESCO မှ ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် လူထုအခြေပြု ဗဟိုဌာန (Community Centre) များကို အများပြည်သူအသုံးပြုရန် ဆောင်ရွက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်နိုင်ရေး ကဏ္ဍအလိုက်ဆွေးနွေးပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၂၀**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်နိုင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့၏ ကဏ္ဍအလိုက်ဆွေးနွေးပွဲများကို ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ ဦးအောင်စိုးနှင့် ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ အစိုးရအစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အကျိုးဆောင်များ တက်ရောက်ကြသည်။



**ကဏ္ဍအလိုက်ဆွေးနွေး**

နိုင်ငံရေးကဏ္ဍ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးခင်ဇော်ဦးက လည်းကောင်း၊ စီးပွားရေးကဏ္ဍဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေက လည်းကောင်း၊ လူမှုရေးကဏ္ဍဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးဇော်ဌေးက လည်းကောင်း၊ လုံခြုံရေးကဏ္ဍဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဝင် ဗိုလ်မှူးချုပ်စိန်ထွန်းလှက လည်းကောင်း၊ မြေယာ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးအောင်စိုးက လည်းကောင်း ဦးဆောင်ဆွေးနွေးကြပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်များ၊ အစိုးရအစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အကျိုးဆောင်များ တက်ရောက်ဆွေးနွေးကြသည်။

**အလွန်ပဲအရေးကြီး**

ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အစိုးရအစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူ ဦးတင်ထွဋ်ဦးက "ကျွန်တော်တို့ စီးပွားရေးအစုအဖွဲ့အနေနဲ့ကတော့ အားလုံးသက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ သဘောထားတွေနဲ့ မူဝါဒတစ်ခုပေါ်လွင်အောင် ဆွေးနွေးနေခြင်းဖြစ်ပါတယ်၊ စီးပွားရေးကတော့ နောင်ဖြစ်ပေါ်လာမယ့် ဖက်ဒရယ်ပြည်ထောင်စုအတွက် အလွန်ပဲအရေးကြီးပါတယ်၊ စီးပွားရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ လာမယ့်ညီလာခံမှာ တင်ရမယ့် အခြေခံရမယ့်မူဝါဒတွေကို ဒီနေ့ညှိနှိုင်းဆွေးနွေးတာကတော့ တော်တော်လေးကို တိုးတက်မှုနဲ့ အားရစရာတွေ ရှိပါတယ်၊ အားလုံးကလည်း တကယ်ခိုင်မာတဲ့ ပြည်ထောင်စုကြီး ဖြစ်ပေါ်လာဖို့ ခိုင်မာသောစီးပွားရေး၊ ဈေးကွက်စီးပွားရေးစနစ်တစ်ခု ဖြစ်ပေါ်ရမယ်ဆိုတာကို အားလုံးကလည်း ယုံကြည်ပါတယ်၊ ဒီလိုစီးပွားရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးတွေမှာရှိတဲ့ ဒေသခံပြည်သူတွေ၊ တိုင်းရင်းသားတွေရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မယ့် Inclusive and Sustainable development တွေရဖို့ အားလုံးကရည်ညွှန်းပြီးတော့ ဆွေးနွေးပါတယ်၊ ပုဂ္ဂလိကကဏ္ဍအနေနဲ့ စီးပွားရေးတွေကို ပါဝင်ဆောင်ရွက်တဲ့ အခါမှာ တာဝန်သိသော၊ တာဝန်ယူသော၊ ပွင့်လင်းမြင်သာသော စီးပွားရေးလုပ်ငန်းတွေ ဖြစ်ရမယ်ဆိုတာကိုလည်း အားလုံးကမြင်ကြပါတယ်၊ ဒါကြောင့် ပါဝင်တဲ့အဖွဲ့အစည်းအသီးသီးရဲ့ သဘောဆန္ဒတွေကတော့ စီးပွားရေးမူဝါဒနဲ့ ပတ်သက်လို့ တစ်ထပ်တည်းကျတယ်လို့ ကျွန်တော် သုံးသပ်ရရှိပါတယ်"ဟု ပြောသည်။

ယနေ့ ဆွေးနွေးပွဲများတွင် ယခင်စုစည်းချက်များ၊ ယခင်သဘောတူညီချက်များ၊ မွန်ပြည်သစ်စာတမ်း၊ CSO Forum စာတမ်းနှင့် မူဝါဒအဆိုပြုချက်များ ဖော်ထုတ်ခြင်းတို့ကို ဆွေးနွေးကြသည်။

အဆိုပါ ကဏ္ဍအလိုက် ဆွေးနွေးပွဲများကို ဇွန် ၂၁ ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမြင့်**

# ထိုင်းနိုင်ငံတွင် ရောက်ရှိလုပ်ကိုင်နေသော မြန်မာအလုပ်သမားများ အထောက်အထားများ အမြန်ဆုံးရယူဆောင်ရွက်ထားရန်လိုအပ်

**နေပြည်တော် ဇွန် ၂၀**

ထိုင်းနိုင်ငံအတွင်း၌ ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (ဘတ်ကတ်ခေါ် TR-38) ကိုင်ဆောင်ထားသော အလုပ်သမားများ၊ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသော အလုပ်သမားများနှင့် ထိုင်းနိုင်ငံအလုပ်အကိုင်ဌာနမှ အလုပ်ရှင်၊ အလုပ်သမားမှန်ကန်ကြောင်း ထောက်ခံစာ ထုတ်ပေးထားသည့် (အထောက်အထားမဲ့) အလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certification of Identity-CI) ထုတ်ပေးရေးစခန်းများကို နှစ်နိုင်ငံညှိနှိုင်း၍ ၂၀၁၇ ခုနှစ် မတ် ၃ ရက်မှစ၍ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့သည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့် အလုပ်သမားများ နိုင်ငံသားစိစစ်ရေးနှင့် လိုအပ်သောအထောက်အထားများ ရရှိဆောင်ရွက်နိုင်ရေး နောက်ဆုံးကာလကို ယခင်သတ်မှတ်ထားသော ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိ တိုးမြှင့်ပေးခဲ့ပြီး ထပ်မံ၍ နောက်ဆုံးအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက်အထိ တိုးမြှင့်ဆောင်ရွက်ပေးခဲ့သည်။

သတ်မှတ်ကာလ ၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက် ပြည့်ပြီးသည့် နောက်ပိုင်းတွင် နိုင်ငံခြားသား အလုပ်သမားစီမံခန့်ခွဲမှုဥပဒေအတိုင်း စတင်ကျင့်သုံးမည်ဖြစ်၍ လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ (နိုင်ငံကူးလက်မှတ်သို့မဟုတ် CI၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် Work Permit၊ နေထိုင်ခွင့်ဗီဇာ Visa)ရရှိထားခြင်း မရှိသေးသူများအနေဖြင့် ၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက် မတိုင်မီ အထောက်အထားများ အမြန်ဆုံးရရှိနိုင်ရေး ဆောင်ရွက်ထားရန် လိုအပ်သည်။

ထိုင်းနိုင်ငံအတွင်း CI ထုတ်ပေးရေးလုပ်ငန်းစဉ်ကို Mitr-maitri Road, Din- Daeng, Bangkok ရှိ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့်စမုစခွန် (မဟာချိုင်)ထလေငါးဈေးအနီးတွင် Mobile ယာဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ အလုပ်သမားများ အဆင်ပြေစေရန် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနတွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် Work Permit၊ နေထိုင်ခွင့်ဗီဇာ Visa တစ်ပါတည်းရယူနိုင်ရေး One Stop Service (OSS) များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသဖြင့် Online Registration ပြုလုပ်ထားသောသူများအနေဖြင့် နီးစပ်ရာ 7-Eleven စတိုးဆိုင်များနှင့် Counter Service Co., Ltd ဝန်ဆောင်မှုပေးနေသော အခြားဆိုင်များသို့ သွားရောက်၍ ဘတ် ၃၁၀ ပေးသွင်းပြီး နီးစပ်ရာ CI ထုတ်ပေးရေးစခန်းသို့ သွားရောက်ထုတ်ယူ ဆောင်ရွက်နိုင်ကြောင်းနှင့် ငွေပေးသွင်းထားပြီးသူများအနေဖြင့်လည်း သတ်မှတ်ကာလအတွင်း CI စာအုပ်များ ထုတ်ယူကြရန်တိုက်တွန်းနှိုးဆော်ထားသည်။

ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် အထောက်အထားလက်ဝယ်မရှိသူများ၊ အထောက်အထားပြုလုပ်ထားသော်လည်း သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေအရ Semi Process ဖြင့် ရပ်တန့်နေရသူများ၊ အထောက်အထားမရှိဘဲ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူအားလုံးသည် ၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက်မတိုင်မီ မိမိနိုင်ငံသို့ အေးချမ်းစွာပြန်နိုင်ခွင့်ရရှိထားပြီး လက်ရှိအခြေအနေအရ ထိုင်းနိုင်ငံအတွင်း ဆက်လက်လုပ်ကိုင်လိုပါက MoU စနစ်ဖြင့်သာ တရားဝင် ဝင်ရောက်လုပ်ကိုင်ရမည် ဖြစ်သည်။

နိုင်ငံသားစိစစ်ခြင်းနှင့်အထောက်အထားများထုတ်ယူခြင်း (CI လုပ်ငန်းစဉ်) တို့နှင့်စပ်လျဉ်း၍ သိရှိလိုသည်များနှင့် အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်လာပါက အောက်ပါအလုပ်သမားသံအရာရှိ ဖုန်းနံပါတ်များနှင့် သက်ဆိုင်ရာစခန်းတာဝန်ခံများသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

| | | |
|---|---|---|
| အလုပ်သမားသံအရာရှိဦးစန်းမောင်ဦး | - | ၀၉၄၈၈၄၅၄၈၄ |
| အလုပ်သမားသံအရာရှိဦးသန်းနိုင် | - | ၀၆၅၂၂၀၆၉၅၂ |
| အလုပ်သမားသံအရာရှိ ဦးဇော်မင်းအောင် (ရနောင်း) | - | ၀၆၅၂၂၀၆၉၅၁ |
| အလုပ်သမားသံအရာရှိဦးအောင်မင်း (မဲဆောက်) | - | ၀၆၅၂၂၀၆၉၅၃ |
| အလုပ်သမားသံအရာရှိဦးဦးခင်မောင် (ချင်းမိုင်) | - | ၀၉၉၀၅၉၂၃၅၂ |
| ဦးရဲရန်အောင် [တာဝန်ခံ- စမုစခွန် (မဟာချိုင်) ရုံး] | - | ၀၉၉၂၁၇၁၃၇၉ |
| ဦးကျော်မျိုးသူ(တာဝန်ခံ- အလုပ်သမားဝန်ကြီးဌာနရုံး) | - | ၀၈၂၃၅၃၁၂၅၉ |

**သတင်းစဉ်**

# မြန်မာနှင့် ဒိန်းမတ် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် မြှင့်တင်ရေးအပေါ် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှု စွမ်းဆောင်ရည် တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဒိန်းမတ်နိုင်ငံ အလုပ်အကိုင်ဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ ထပ်မံသက်တမ်းတိုး လက်မှတ်ရေးထိုးရေးနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် ဒိန်းမတ်နိုင်ငံ အလုပ်အကိုင်ဝန်ကြီးဌာနတို့အကြား မြန်မာနိုင်ငံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် မြှင့်တင်ရေးအပေါ် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးရေးစွမ်းဆောင်ရည် တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်တွင် သုံးနှစ်တာကာလ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး စတင်ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဇွန်လတွင် နားလည်မှုစာချွန်လွှာ သက်တမ်းကုန်ဆုံးမည်ဖြစ်၍ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေ ပြဋ္ဌာန်းပြီးချိန်တွင် ပေါ်ပေါက်လာမည့် အကျိုးဝင်မှု အခန်းကဏ္ဍအသစ်များအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုစွမ်းဆောင်ရည် တည်ဆောက်ပေးရေးလိုအပ်ချက်အား ဆက်လက်ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် လေးနှစ်တာကာလ နားလည်မှုစာချွန်လွှာ ထပ်မံသက်တမ်းတိုး လက်မှတ်ရေးထိုးရေး ကနဦးဆောင်ရွက်ချက်အဖြစ် ပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်မှု သဘောတူညီချက် (Letter of Intent) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ဆက်လက်ကျင်းပသည်။

ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်မှုသဘောတူညီချက် (Letter of Intent) ကို မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen နှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းတို့က လက်မှတ်ရေးထိုးခဲ့ကြပြီး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီးပါက အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုစွမ်းဆောင်ရည်အပေါ် ဒိန်းမတ်နိုင်ငံ ဒိန်းမတ်လုပ်ငန်းခွင် ပတ်ဝန်းကျင်အာဏာပိုင်အဖွဲ့ ကျွမ်းကျင်သူများက စာတွေ့လက်တွေ့ လာရောက်လေ့ကျင့်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





# ကမ္ဘာ့နိုင်ငံများအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၀**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် The Lutheran World Federation (Myanmar) တို့ ပူးပေါင်း၍ Universal Periodic Review-Myanmar အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Hotel Max တွင် ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနများနှင့် အဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများ၊ The Lutheran World Federation (Myanmar) မှ Program Coordinator နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ သို့မဟုတ် နိုဝင်ဘာလတွင် UPR လုပ်ငန်းစဉ်အရ နိုင်ငံ၏လူ့အခွင့်အရေးအခြေအနေနှင့်စပ်လျဉ်း၍ တတိယအကြိမ်သုံးသပ်မှုခံယူရမည်ဖြစ်သဖြင့် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ UPR ဒုတိယအကြိမ် သုံးသပ်မှုခံယူခဲ့စဉ်က မြန်မာနိုင်ငံက လက်ခံခဲ့သည့် အကြံပြုတိုက်တွန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုများ ဆွေးနွေးညှိနှိုင်းရန်အတွက် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးပေးပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် The Lutheran World Federation (Myanmar) မှ Program Coordinator Ms. Mariolein Coren က UPR အကြံပြုတိုက်တွန်းချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်သင့်သည့်အချက်များ၊ မြန်မာနိုင်ငံတွင် LWF ၏ ဆောင်ရွက်ချက်များကို ထည့်သွင်းပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်အရ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေက UPR နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ၏ အကြံပြုတိုက်တွန်းချက်များ ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြပြီး LWF မှ Deputy Program Manager ဦးစံသိန်းမောင်က UPR နှင့် ဆက်စပ်သည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Equality Myanmar မှ အမှုဆောင်ဒါရိုက်တာ ဦးအောင်မျိုးမင်းက UPR လုပ်ငန်းစဉ်နှင့်အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများကို အဖွဲ့ငယ်များခွဲ၍ မြန်မာနိုင်ငံက လက်ခံခဲ့သည့် UPR အကြံပြုတိုက်တွန်းချက်များနှင့် စပ်လျဉ်း၍ မည်သည့်ဌာန၊ အဖွဲ့အစည်းများက မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်ကို အလွတ်သဘော ဆွေးနွေးကြသည်။ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၃၃)ကြိမ်မြောက် ကိုရီးယားကမ္ဘာ့ခရီးသွားပြပွဲ ၂၀၁၈ တွင် မြန်မာနိုင်ငံမှ အကောင်းဆုံးပြခန်း ဖွင့်လှစ်ဆောင်ရွက်နိုင်မှုဆုရရှိ

**နေပြည်တော် ဇွန် ၂၀**

ကိုရီးယားနိုင်ငံယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားဝန်ကြီးဌာန၏ ဦးဆောင်မှု၊ Korea Tourism Organization (KTO)၊ KOTFA Co., Ltd. ၏ စီစဉ်ဆောင်ရွက်မှု၊ နိုင်ငံတကာခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အဖွဲ့အစည်းများဖြစ်သော UNWTO၊ PATA၊ JATA တို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် (၃၃)ကြိမ်မြောက် ကိုရီးယားကမ္ဘာ့ခရီးသွားပြပွဲ ၂၀၁၈ ကို ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ COEX Convention & Exhibition Center တွင် ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည်။




အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၇၀ မှ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းနှင့် ကုမ္ပဏီပေါင်း ၅၀၀ ကျော်မှ နိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ယဉ်ကျေးမှုကို မြှင့်တင်ကြော်ငြာရန် ပါဝင်ပြသကြသည်။ ကိုရီးယား ခရီးသွားလုပ်ငန်းကဏ္ဍ၏ ပြည်တွင်းခရီးသွား (Inbound)၊ ပြည်ပခရီးသွား (Outbound) နှင့် ဒေသတွင်းခရီးသွား (Intrabound Tourism) တို့ကို မြှင့်တင်ရန်နှင့် နိုင်ငံတွင်းနှင့် ပြည်ပနိုင်ငံများ၏ ခရီးသွားလုပ်ငန်းဈေးကွက်ကို အပြန်အလှန်ဆက်သွယ်၍ ရှာဖွေနိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းခရီးသွားပြပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဦးဆောင်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း၊ Lotte Hotel နှင့် Wyndham Grand Yangon Royal Lake Hotel တို့ ပါဝင်ပြီး မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်း ပါဝင်ပြသခဲ့ရာ အကောင်းဆုံးပြခန်းဖွင့်လှစ်ဆောင်ရွက်နိုင်မှုဆု (The Best Booth Operation Award) ကို ရရှိခဲ့သည်။ အဆိုပါ ဆုသည် နိုင်ငံပေါင်း ၃၄ နိုင်ငံမှ အဖွဲ့အစည်း ၅၄ ခုတို့က ခရီးသွားပြခန်းများ ပါဝင်ပြသခဲ့ရာ ပြခန်း၌ ခင်းကျင်းပြသမှုနှင့် ပြခန်းလာရောက်သူများအား နိုင်ငံအကြောင်း ရှင်းလင်းပြသနိုင်မှုတို့အတွက် ပေးအပ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ပြခန်း၌ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ၊ မြန်မာ့ရှုခင်းအလှများ၊ ယဉ်ကျေးမှုပုံစံများ၊ ပင်လယ်ကမ်းခြေများနှင့် မြန်မာ့ရိုးရာအစားအစာများ၊ အသီးအနှံပုံများကို နောက်ခံဒီဇိုင်းများပြုလုပ်၍ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်




"ဦးစွာနားထောင်ပါ"

# ရခိုင်ပြည်နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ကြသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ



**စစ်တွေ ဇွန် ၂၀**
ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်း မြို့နယ်များရှိ စာစစ်ဌာနများမှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျင်းပသည်။

**ကြိုးစားအားထုတ်**

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်မှ တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများကို ယခုလို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးရခြင်းသည် ကျောင်းသား ကျောင်းသူများ၏ ဘဝတက်လမ်းဖြစ်သည့် တက္ကသိုလ်တစ်ခုခုကို စိတ်အေးချမ်းသာစွာ တက်ရောက်နိုင်ရန်အတွက် အထောက်အပံ့တစ်ခုဖြစ်စေရန်နှင့် မိဘများ၏ ပညာသင်ထောက်ပံ့ရေးတွင် အထောက်အပံ့တစ်ခုဖြစ်စေရန် ရည်ရွယ်ပြီး ကျင်းပပေးအပ်ရခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကလည်း နောင်တစ်ချိန်တွင် မိမိတို့ပြည်နယ်ကို အကျိုးပြုနိုင်သော လူငယ်များဖြစ်လာရန်ဆက်လက်ကြိုးစားသွားကြရန်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများကလည်း အစ်ကို၊ အစ်မတို့၏ ကြိုးစားအားထုတ်အောင်မြင်မှုကို ဂုဏ်ယူပြီး ကြိုးစားသွားကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ရခိုင်ပြည်နယ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားလာမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်က တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်ဆု ချီးမြှင့်ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦးနှင့် မြန်မာတစ်နိုင်ငံလုံး ဝိဇ္ဇာတွဲတွင် အဆင့် ၇ ရရှိသူ တစ်ဦးတို့အား လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝင်းကြည်က ငါးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ ခုနစ်ဦးတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ် လျှပ်စစ်၊စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့က လေးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ ၁၀ ဦး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဦးကျော်လွင်နှင့် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်တို့က သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကြသူ ၁၇ ဦးတို့အား ဆုများပေးအပ်ချီမြှင့်သည်။

ဆက်လက်၍ နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူးရရှိကြသူများအား ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦးနှင့် ပြည်နယ်အဆင့် ဝိဇ္ဇာတွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ဝိပ္ပံတွဲတွင် တတိယဆုရရှိသူ ငါးဦးတို့အား ကျောက်ဖြူခရိုင်ပညာရေးမှူး ဦးတင်သိန်းတို့က ဆုများပေးအပ်ကြပြီး ရခိုင်ပြည်နယ်အတွင်းကျောင်းအဆင့် တတိယဆု၊ ဘာသာစုံဂုဏ်ထူးရ ကျောင်းဆု၊ ဘာသာစုံဂုဏ်ထူးရရှိအောင် သင်ကြားပေးကြသောဆရာ ဆရာမများအား အမှတ် ၁၁ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး ကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီးလှစိန်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သူမောင်ဇော်မြတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ထူးချွန်သူများပေါ်ထွက်**

ယနေ့ရခိုင်ပြည်နယ်၌ ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဘာသာစုံဂုဏ်ထူးရှင်တစ်ဦးလျှင် ငွေကျပ်သိန်း၂၀ ၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးလျှင် ငွေကျပ် ၁၅ သိန်း၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦးလျှင် ငွေကျပ် ရှစ်သိန်း၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦးလျှင် ငွေကျပ် လေးသိန်း၊ နှစ်ဘာသာ ဂုဏ်ထူးရှင်တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှင့် တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီ ပေးအပ်ချီးမြှင့်ခဲ့သည်။ ကျောက်ဖြူခရိုင်အတွင်း မြို့နယ်များရှိ စာစစ်ဌာနများမှ ဘာသာစုံဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၄ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၁၁ ဦး ထွက်ရှိပေါ်ပေါက်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဖြူမြို့ သန်ပန်ချောင်းနှင့် မြစ်နားတန်း ရပ်ကွက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ မြစ်ကမ်းနား ဆင်းလမ်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

**❖ ငွေလဲလှယ်နှုန်းများမှ**
အခြေအနေကြောင့်ဖြစ်နိုင်ပြီး လက်ရှိပြည်တွင်း၌ နယ်စပ်ကုန်သွယ်ရေးတွင် သိသိသာသာမြင့်တက်လာခြင်း မရှိဘဲ ဈေးကွက်အတွင်း ဒေါ်လာဝယ်လိုအားမှာလည်း လျော့နည်းလာသဖြင့် ယခုကဲ့သို့ ဈေးနှုန်းများ မြင့်တက်ခြင်းသည် ပြည်တွင်းဈေးကွက်ကြောင့် မဖြစ်နိုင်ကြောင်း ကမ္ဘောဇဘဏ် အကြီးတန်းအကြံပေး ဦးသန်းလွင်က ပြောသည်။

Myanmar Processer and Exporter Association ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်ကလည်း "လက်ရှိမှာ ဒေါ်လာဈေးတွေတက်နေတော့ ပိုက်ဆံပိုရတယ်ဆိုပေမယ့် ဒီဘက်က ပြန်ဝယ်ရတဲ့ပစ္စည်းတွေလည်းပြတ်တော့ ဘဲစားဘဲကျေသဘောပါပဲ။ ဈေးဆိုတာကတော့ ငြိမ်နေရင်အကောင်းဆုံးပဲ။ import များပြီး export နည်းရင်တော့ ဈေးကတက်သွားမှာပဲ။ အဲဒီတော့ export များများထုတ်ဖို့ အရေးကြီးပါတယ်"ဟု ပြောသည်။

၂၀၁၇ ခုနှစ် တစ်နှစ်ပတ်လုံး ဒေါ်လာလဲလှယ်နှုန်းများသည် ယခင်နှစ်များကထက် အတက်ဘက်တွင်ရှိခဲ့ပြီး အမြင့်ဆုံးတစ်ဒေါ်လာလျှင် ၁၃၈၀ ကျပ် ဝန်းကျင်အထိ အများဆုံးမြင့်တက်ခဲ့ဖူးသည်။

နိုင်ငံတကာတွင် ဒေါ်လာလဲလှယ်နှုန်းများ ကျဆင်းရခြင်းသည် Inflation rate, interest rate,terms of trades,Country's current account and dificits, political stability and economic performance စသည့်အကြောင်းအရင်းများကြောင့်ဖြစ်ကြောင်း သိရသည်။

**မေသက်နှင်း**

---

# ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများကြောင့် ခေတ္တပိတ်ထားရသည့်ကျောင်းများ ရာနှုန်းပြည့်ပြန်လည်ဖွင့်လှစ်

**စစ်တွေ ဇွန် ၂၀**
ရခိုင်ပြည်နယ်တွင် ဇွန် ၈ ရက်မှ ၁၄ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများကြောင့် ပြည်နယ်အတွင်းရှိ ကျောင်းပေါင်း ၃၉၅ ကျောင်းကို ခေတ္တပိတ်ထားခဲ့ရာ ဇွန် ၁၈ ရက်တွင် ကျောင်းများအားလုံးကို ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း ရခိုင်ပြည်နယ်ပညာရေးမှူးရုံးမှသိရသည်။

ရေကြီးရေလျှံမှု ဖြစ်စဉ်များအတွင်း အထက်တန်းကျောင်း ၂၉ ကျောင်း၊ အလယ်တန်းကျောင်း ၁၈၄ ကျောင်း၊ မူလတန်းကျောင်း ၁၈၂ ကျောင်း ခေတ္တပိတ်ထားခဲ့ရပြီး ဖြစ်စဉ်ကြောင့် သင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့် စာရင်းများကို ကောက်ယူကာ အမြန်ဆုံး ပြန်လည်ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ထားကြောင်းသိရသည်။

"ပြည်နယ်အတွင်းမှာ စာသင်ကျောင်းဆောင်တွေ လုံးဝပျက်စီးသွားတာမျိုးတော့ မရှိပါဘူး။ စာသင်ခုံတွေ၊ သင်ပုန်းကြီးတွေ အစရှိတဲ့သင်ကြားရေးဆိုင်ရာပစ္စည်းတွေ ရေထဲမှာ မျောပါပျောက်ဆုံး သွားတာမျိုးတွေတော့ရှိပါတယ်။ ရေဝင်ရောက်မှုကြောင့် စာသင်ခန်းတွေထဲမှာ နုန်းအနည်အနှစ်တွေ ကျန်ခဲ့တာတွေကို သန့်ရှင်းရေးဆောင်ရွက်ခဲ့ရပါတယ်။ အခုအခါမှာတော့ အားလုံးပြီးစီးသွားပြီဖြစ်တဲ့အတွက် ကျောင်းအားလုံး ပြန်ဖွင့်နိုင်ပါပြီ။ ဒီဖြစ်စဉ်ကြောင့် ကျောင်းတွေကို နှစ်ရက် သုံးရက် ပိတ်ခဲ့ရပါတယ်"ဟု ရခိုင်ပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ်သည် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ ပေါများသည့်ဒေသဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသွားရာတွင် မြစ်ကူး ချောင်းခြားသွားလာရခြင်းများရှိ၍ သဘာဝဘေးအန္တရာယ်နှင့် အခြားသောမတော်တဆမှုများကြောင့် သေဆုံးဒဏ်ရာရမှုမရှိစေရန် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ထောက်ပံ့လှူဒါန်းထားသည့် အသက်ကယ်ဝတ်စုံများကို ကျောင်းသားဦးရေအလိုက် ဖြန့်ဝေပေးထားပြီး ကျောင်းသား ကျောင်းသူများ သွားလာရေးအတွက် ဝန်ဆောင်မှုပေးနေသည့် ရေယာဉ်အသင်းအဖွဲ့များအား စနစ်တကျသုံးစွဲရန် ပညာပေးမှုများကို ဆောင်ရွက်ပေးခဲ့ပြီး ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများကလည်း ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်သူရ၊ ဟန်လင်းနိုင်**

---

# ကြံတောင်သူများ၏ အခွင့်အရေးတန်းတူရရှိရေး ထီးချိုင့်၌ ဆန္ဒဖော်ထုတ်

**ထီးချိုင့် ဇွန် ၂၀**
ကြံတောင်သူများ၏ အခွင့်အရေးတန်းတူရရှိရေးအတွက် ပုဂ္ဂလိကပိုင် ဂရိတ်ဝေါ(လ်) ဝေမာသကြားစက်ရုံအား ဆန္ဒဖော်ထုတ်ပွဲကို ဇွန် ၂၀ ရက်နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအုပ်စုတွင် အင်အား ၅၀၀ ဖြင့် ပြုလုပ်ခဲ့ကြောင်းသိရသည်။

ထိုသို့ဆန္ဒဖော်ထုတ်ရာတွင် စပ်စားရွာထိပ်ကွင်းပြင်မှ မန္တလေး-ဗန်းမော် ကားလမ်းမကြီးအတိုင်း သကြားစက်ရုံတောင်ဘက်ကွင်းပြင်သို့ စုဝေးလမ်းလျှောက်ကြပြီး ဟောပြောခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

"ကြံတောင်သူတွေအပေါ်ကို ဈေးသေနဲ့ဈေးရှင်ဆိုပြီး နှစ်မျိုးခွဲခြား စာချုပ်ပါတယ်။ ဈေးသေမှာကြံတစ်တန်ကို ငွေကျပ် ၄၅၀၀၀ နှုန်းနဲ့ချုပ်ပြီး ဈေးရှင်ကတော့ တစ်တန်ကို ငွေကျပ် ၄၃၀၀၀ နှုန်းနဲ့ချုပ်ပါတယ်၊ ပြီးတော့ ကွင်းတာဝန်ခံစာရေး တိုင်းတာတဲ့အပေါ် မူတည်ပြီး ကြံအပ်နှံရပါတယ်၊ ဘယ်ရွေ့ဘယ်မျှရှိတယ်ဆိုပြီး တောင်သူတွေအပေါ် ပြောမပြဘူး၊ စာချုပ်တဲ့အတိုင်းမအပ်နိုင်ရင် ဒဏ်ကြေးဆိုပြီး ကြံတစ်တန်ကိုငွေကျပ် ၁၀၀၀၀ ဆောင်ရပါတယ်၊ စာချုပ်ထက် ပိုသွင်းရင်တော့ ဆုကြေးဆိုတာ မရှိခဲ့ပါဘူး။ ဒဏ်ကြေးရှိရင် ဆုကြေးလည်းပေးစေချင်ပါတယ်၊ တစ်ပြည်လုံးမှာရှိတဲ့ သကြားစက်တွေနည်းတူ တစ်ပြေးညီဖြစ်စေချင်ပါတယ်၊ ဒါကြောင့်ဆန္ဒဖော်ထုတ်ခြင်းဖြစ်ပါတယ်" ဟု မြတောင်ရွာကြံတောင်သူ ဦးစိုးအောင်က ပြောသည်။

အဆိုပါဆန္ဒဖော်ထုတ်ပွဲသို့ ကသာမြို့နယ်၊ မဘိမ်းမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ ထီးချိုင့်မြို့နယ်အတွင်းရှိ ကြံတောင်သူများ ပါဝင်ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

---

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၉၈ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေး

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၁၃-၆-၂၀၁၈ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၃-၄-၂၀၁၈ ရက်နေ့မှ ၂၃-၅-၂၀၁၈ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ခြောက်ဦးကို လည်းကောင်း၊ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူဂျာနယ် ငါးဦး၊ မဂ္ဂဇင်းသုံးဦး၊ အထွေထွေ ၁၇ ဦး ပေါင်း ၂၅ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူတစ်ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပြီး မဂ္ဂဇင်းထုတ်ဝေခွင့်လျှောက်ထားသူတစ်ဦးကို စိစစ်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၁၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၃၈၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၀၄ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်း ၃၉၉၈ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ မြို့တော်ပေကျင်း၌ တွေ့ဆုံဆွေးနွေး



**ပေကျင်း ဇွန် ၂၀**

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် မြို့တော်ပေကျင်းရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ ဇွန် ၁၉ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ခေါင်းဆောင်ကြီးကင်သည် မတ်လနောက်ပိုင်း တတိယအကြိမ်အဖြစ် သမ္မတရှီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ကင်၏ခရီးစဉ်မှာ နှစ်ရက်ကြာမြင့်ခဲ့ပြီး ဇွန် ၂၀ ရက်တွင် ခရီးစဉ်ပြီးဆုံးခဲ့သည်။

လွန်ခဲ့သည့်ရက်သတ္တပတ်က စင်ကာပူ၌ ကျင်းပခဲ့သော ထိပ်သီးဆွေးနွေးပွဲတွင် အမေရိကန်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့က ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက်ဖျက်သိမ်းရေး လုပ်ဆောင်သွားကြရန် သဘောတူညီခဲ့ကြသည်။ သို့ရာတွင် အဏုမြူလက်နက်ဖျက်သိမ်းရေးလုပ်ဆောင်ရန် နည်းလမ်းနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှု ရှိနေကြဆဲဖြစ်သည်။

အဏုမြူလက်နက်ကင်းရှင်းရေး လုပ်ငန်းစဉ်ကို အဆင့်လိုက်လုပ်ဆောင်ရန် မြောက်ကိုရီးယားက လိုလားပြီး အဏုမြူကင်းမဲ့ဇုန် ထူထောင်နိုင်သည်အထိ ဒဏ်ခတ်ပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်သွားရန် အမေရိကန်က လိုလားသည်။

**အင်န်အိတ်ချ်ကေ**

# ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ အမေရိကန်နုတ်ထွက်မည်ဟု ထုတ်ပြန်ကြေညာ



**ဝါရှင်တန် ဇွန် ၂၀**

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ အမေရိကန်ပြည်ထောင်စု နုတ်ထွက်တော့မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေတို့က ဇွန် ၁၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက အစ္စရေးနိုင်ငံအပေါ် တစိုက်မတ်မတ်ဝေဖန်မှုများ ပြုလုပ်ခဲ့ခြင်းသည် တရားမျှတမှုမရှိဟု အမေရိကန်အစိုးရက စွပ်စွဲလိုက်ပြီး အဖွဲ့ဝင်နိုင်ငံများအတွင်း လူ့အခွင့်အရေးချိုးဖောက်သော နိုင်ငံများပါဝင်နေခြင်းသည် ကြောင်သူတော်ဆန်လှကြောင်း ရှုတ်ချလိုက်သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက်ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် တာဝန်ထမ်းဆောင်ခဲ့သူ သံအမတ်ကြီး ဟာလေသည် ဝါရှင်တန်သို့ ပြန်လာခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီး ပွန်ပီယိုနှင့်အတူ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာတွင် အထက်ပါအတိုင်း ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သော ထိပ်တန်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ၎င်းတို့နှစ်ဦးစလုံးတို့က အခိုင်အမာပြောကြားသည်။ သို့ရာတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ အမေရိကန်နုတ်ထွက်ရန် ဆုံးဖြတ်ချက်သည် သမ္မတ ဒေါ်နယ်ထရန့်က ကုလသမဂ္ဂအဖွဲ့အစည်းအပေါ် ရန်ဘက်သဘောဆောင် ရပ်တည်ချက်ကိုင်စွဲမှုကို ထင်ဟပ်လျက်ရှိကြောင်း ဝေဖန်မှုများ ပေါ်ထွက်လာသည်။

မက္ကဆီကိုနိုင်ငံမှ အမေရိကန်ပြည်ထောင်စုအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများက ခိုလှုံခွင့်တောင်းခံစဉ်ကာလအတွင်း ဥပဒေမဲ့ ဝင်ရောက်လာသူ မိသားစုများမှ ကလေးသူငယ်များကို ၎င်းတို့၏မိဘများ သို့မဟုတ် အုပ်ထိန်းသူများနှင့်အတူမထားဘဲ သီးခြားခွဲထုတ်ထားရန် အမေရိကန်အစိုးရ၏ စီစဉ်ဆောင်ရွက်ချက်နှင့်ပတ်သက်၍ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ထိပ်တန်းတာဝန်ရှိသူတစ်ဦး၏ ဝေဖန်ချက် ပေါ်ထွက်လာခဲ့အပြီး မကြာခင်မှာပင် လူ့အခွင့်အရေးကောင်စီမှ နုတ်ထွက်မည်ဟု အမေရိကန်အစိုးရက ကြေညာခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

# အင်ဒိုနီးရှား၌ ကူးတို့ရေယာဉ်နစ်မြုပ်မှု လူ ၁၈၀ ခန့် ပျောက်ဆုံးနေဟုဆို





**ဆီမာလွန်ဂန်(အင်ဒိုနီးရှား) ဇွန် ၂၀**

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ဆူမားတြားကျွန်းရှိ မီးတောင်ရေအိုင်ကြီး၏ ရေနက်ပိုင်းတွင် ကူးတို့ရေယာဉ်တစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ပြီးနောက် ခရီးသည် ၁၈၀ ခန့် ပျောက်ဆုံးနေကြောင်း ရဲတပ်ဖွဲ့က ဇွန် ၂၀ ရက်တွင် ပြောကြားသည်။ ပျောက်ဆုံးနေသူဦးရေမှာ ကနဦး ခန့်မှန်းချက်ထက် သုံးဆနီးပါး ပိုမိုများပြားနေကြောင်း၊ သို့ရာတွင် ကူးတို့ရေယာဉ်နစ်မြုပ်စဉ်တွင် ယင်းရေယာဉ်ပေါ်၌ ခရီးသည် မည်ရွေ့မည်မျှလိုက်ပါလာခဲ့သည်ကို ရှင်းလင်းစွာ မသိရှိရကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။

သစ်သားကိုယ်ထည် ကူးတို့ရေယာဉ်တစ်စင်းသည် ဇွန် ၁၈ ရက်တွင် တိုဘာရေအိုင်ကြီးအတွင်း၌ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါရေအိုင်ကြီးသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ရာနေရာ တစ်နေရာဖြစ်သည်။ နစ်မြုပ်ခဲ့သောရေယာဉ်မှာ တရားမဝင်ခရီးစဉ် ပြေးဆွဲနေသော ရေယာဉ်တစ်စင်းအဖြစ် ယူဆရပြီး ခရီးသည်စာရင်းမရှိပေ။

အဆိုပါကူးတို့ရေယာဉ်ပေါ်၌ ခရီးသည် ၁၈၀ ခန့် လိုက်ပါလာခဲ့သည်ဟု ဘေးအန္တရာယ်ကယ်ဆယ်ရေးဌာနက ကနဦးတွင် ခန့်မှန်းခဲ့သည်။

အဆိုပါကူးတို့ရေယာဉ်တွင် ဒါဇင်များစွာသော မော်တော်ဆိုင်ကယ်များလည်းပါရှိကြောင်း အဆိုပါဌာနက ပြောကြားခဲ့သည်။

သို့ရာတွင် အင်ဒိုနီးရှားရဲတပ်ဖွဲ့၏ ဇွန် ၂၀ ရက် ကြေညာချက်အရ ကူးတို့ရေယာဉ်နစ်မြုပ်မှုကြောင့် ပျောက်ဆုံးသူ ၁၇၈ ဦးအထိ ရှိနိုင်ကြောင်း သိရသည်။ အကယ်၍ ယင်းအရေအတွက်ကို အတည်ပြုနိုင်ပါက အဆိုပါကူးတို့ရေယာဉ်နစ်မြုပ်မှုသည် အင်ဒိုနီးရှားနိုင်ငံ၌ ရေကြောင်းဆိုင်ရာ အကြီးမားဆုံး ဘေးဒုက္ခသင့်မှုကြီး ဖြစ်လာမည်ဖြစ်သည်။

ဒေသခံပြည်သူများက ၎င်းတို့ဆွေမျိုးများ ပျောက်ဆုံးနေမှုနှင့် ပတ်သက်၍ သတင်းပို့ချက်များအရ ပျောက်ဆုံးနေသူ ဦးရေကို ပြင်ဆင်ခန့်မှန်းခြင်းဖြစ်ကြောင်း ကူးတို့ရေယာဉ်စီး ခရီးသည်များအတွက် လက်မှတ်တစ်စောင်မျှ ထုတ်ပေးခဲ့ခြင်းမရှိကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီအကြီးအကဲ မိုဟာမက်ဆာရာအူဇီက ပြောကြားသည်။

လက်ရှိအချိန်အထိ လူသေအလောင်း သုံးလောင်းထက်မနည်း ရှာဖွေတွေ့ရှိရပြီး လူ ၁၈ ဦးကို ကယ်ဆယ်ရရှိထားသည်။

ရေယာဉ်နစ်မြုပ်သည့် ရေအိုင်ကြီးသည် အလွန်ကျယ်ပြောလှသည့်အတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကို ရက်သတ္တတစ်ပတ်ထက်မနည်း အချိန်ယူလုပ်ဆောင်ရမည်ဟု ဆိုသည်။ ၎င်းရေအိုင်ကြီးသည် လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာက ပေါက်ကွဲမှုဖြစ်ပွားခဲ့ဖွယ်ရှိသော မဟာမီးတောင်တစ်လုံး၏ ထိပ်ဝတွင် ဖြစ်ပေါ်နေသည့် သဘာဝရေအိုင်ကြီးဖြစ်သည်။ အဆိုပါရေအိုင်သည် ၁၁၄၅ စတုရန်းကီလိုမီတာ (စတုရန်းမိုင် ၄၄၀၇) ကျယ်ဝန်းကာ ကမ္ဘာပေါ်တွင် ရေအနက်ဆုံး ရေအိုင်များတွင် ပါဝင်သည်။

**အေအက်ဖ်ပီ**

# ကမ္ဘာ့ဖလားအားကစားသတင်းများ

## ပြင်သစ်နဲ့ အာဂျင်တီးနားတို့ နိုင်ဖို့ရာနှုန်းများမယ့် အုပ်စုအဆင့် ဒုတိယပွဲစဉ်များ

ယနေ့ညပိုင်းမှာ ကစားမယ့် ပွဲစဉ်တွေထဲမှာ ပရိသတ်အကြိုက်တွေ့စေမယ့် ပွဲစဉ်တွေ ပါဝင်နေပြီး အုပ်စုအဆင့်ပထမပွဲစဉ်မှာ နိုင်ပွဲပျောက်ခဲ့တဲ့ အာဂျင်တီးနားအသင်းရဲ့ပွဲစဉ်လည်း ပါဝင်နေပါတယ်။ ဒါကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်ဒုတိယပွဲစဉ်တွေဖြစ်တဲ့ ဒိန်းမတ်နဲ့ ဩစတြေးလျ၊ ပြင်သစ်နဲ့ ပီရူး၊ အာဂျင်တီးနားနဲ့ ခရိုအေးရှား စတဲ့ပွဲစဉ်တွေနဲ့ ပတ်သက်ပြီး ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**ဒိန်းမတ်-ဩစတြေးလျ** **ည ၆း၃၀ နာရီ၊ ၂၁-၆-၂၀၁၈**

အုပ်စုအဆင့် ပထမပွဲစဉ်မှာ အနိုင်သုံးမှတ်အပြည့်ရယူထားနိုင်တဲ့ ဒိန်းမတ်အသင်းနဲ့ ရမှတ်ပျောက်ဆုံးခဲ့ရတဲ့ ဩစတြေးလျအသင်းတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုက စိတ်ဝင်စားစရာကောင်းပါတယ်။ ဒိန်းမတ်အသင်းဟာ နိုင်ပွဲရထားတဲ့အသင်းဖြစ်တာကြောင့် ယုံကြည်မှုအပြည့်အဝရှိနေတဲ့အသင်းဖြစ်ပြီး ဩစတြေးလျအသင်းကတော့ နာမည်ကြီးပြင်သစ်အသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့ရတာကြောင့် မဖြစ်မနေနိုင်ပွဲရရှိအောင်ကြိုးစားလာပါလိမ့်မယ်။ ဒိန်းမတ်အသင်းမှာ အားထားရတဲ့ ကွင်းလယ်ကစားသမား အဲရစ်ဆင်ပါဝင်နေပြီး ၂၀၁၀ ပြည့်နှစ်ကတည်းက ကမ္ဘာ့ဖလားအတွေ့အကြုံရှိထားတဲ့ ကစားသမားတစ်ဦးဖြစ်တာကြောင့် ဩစတြေးလျအသင်းအတွက် ထိန်းချုပ်ဖို့ခက်ခဲနိုင်ပါတယ်။ ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် ၂၀၀၇ ခုနှစ်မှာတစ်ကြိမ်၊ ၂၀၁၀ ပြည့်နှစ်မှာတစ်ကြိမ်နဲ့ ၂၀၁၂ ခုနှစ်မှာ တစ်ကြိမ်တွေ့ဆုံထားခဲ့တာပါ။ အဲဒီလိုတွေ့ဆုံခဲ့ချိန်မှာ ဒိန်းမတ်အသင်းက နှစ်ပွဲနိုင်ပြီး ဩစတြေးလျအသင်းကတော့ တစ်ပွဲ အနိုင်ရရှိထားခဲ့ပါတယ်။ ဒါပေမယ့် ဒီပွဲစဉ်မှာတော့ ဂိုးသွင်းသေချာတဲ့ ကစားသမားတွေရှိနေတဲ့ ဒိန်းမတ်အသာစီးရနိုင်ပေမယ့် အမှတ်လိုအပ်နေတဲ့ဩစတြေးလျကိုလည်း လျှော့တွက်လို့မရတာကြောင့် ဩစတြေးလျက အနည်းဆုံးသရေတစ်မှတ်တော့ရအောင်ယူသွားမှာပါ။

**ပြင်သစ်-ပီရူး** **ည ၉း၃၀ နာရီ၊ ၂၁-၆-၂၀၁၈**

ပြင်သစ်အသင်းကတော့ အခုကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့ရေပန်းစားနေတဲ့ အသင်းတစ်သင်းဖြစ်ပြီး အဖွင့်ပွဲစဉ်မှာလည်း ဩစတြေးလျအသင်းကို အနိုင်ကစားပြီး သုံးမှတ်အပြည့်ရယူထားနိုင်တာကြောင့် ပီရူးအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူသွားနိုင်မှာပါ။ ပီရူးအသင်းအတွက်တော့ ဒီပွဲစဉ်ဟာ ရမှတ်လိုအပ်နေပေမယ့် အနိုင်ရလဒ်အတွက်တော့ ခက်ခဲနိုင်ပါတယ်။ ဒီနှစ်သင်းနောက်ဆုံးကစားခဲ့တဲ့ငါးပွဲကိုကြည့်မယ်ဆိုရင်လည်း ပြင်သစ်အသင်းက ငါးပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ထားပြီး ပီရူးအသင်းကတော့ နောက်ဆုံးငါးပွဲမှာ တစ်ပွဲပဲအနိုင်ရထားတာတွေ့ရမှာပါ။ လက်ရှိအုပ်စုတွင်းမှာလည်း အုပ်စုအဆင့်ကနေ ထွက်ခွာရဖို့ ရာခိုင်နှုန်းများနေတဲ့အသင်းလည်းဖြစ်ပါတယ်။ ဒါ့အပြင် ပြင်သစ်အသင်းဟာ မက်ပီ၊ ရစ်ဗ်မန်း၊ ဒမ်ဘီလီ၊ ပေါ့ဘာ၊ ကန်တီတို့လို ကွင်းလယ်နဲ့ တိုက်စစ်အကောင်းဆုံးချိတ်ဆက်နိုင်တဲ့ ကစားသမားတွေပါဝင်နေရုံတင်မဟုတ်ဘဲ ဂိုးသွင်းသေချာတဲ့ တိုက်စစ်ကစားသမားတွေ ပိုင်ဆိုင်ထားတာကြောင့် ပီရူးအသင်းကို အကောင်းဆုံးကျော်ဖြတ်ပြီး အနိုင်သုံးမှတ်ရယူသွားဖို့ ရှိနေပါတယ်။

**အာဂျင်တီးနား-ခရိုအေးရှား** **နံနက် ၀၀း၃၀ နာရီ၊ ၂၂-၆-၂၀၁၈**

အာဂျင်တီးနားအသင်းနဲ့ ခရိုအေးရှားအသင်းတို့ရဲ့ ပွဲစဉ်ကတော့ ပရိသတ်စိတ်ဝင်စားမှုအမြင့်ဆုံးပွဲစဉ်ဆိုလည်း မမှားပါဘူး။ အာဂျင်တီးနားကတော့ အုပ်စုအဆင့်အဖွင့်ပွဲစဉ်မှာ အိုက်စလန်အသင်းကို အနိုင်မရရှိခဲ့တာကြောင့် သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရတဲ့အသင်းဖြစ်ပါတယ်။ ဒါပေမယ့် ခရိုအေးရှားအသင်းကတော့ နိုင်ဂျီးရီးယားအသင်းကို နှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး အနိုင်သုံးမှတ်ရယူထားနိုင်တာကြောင့် ယုံကြည်မှုပြည့်ဝနေသလို မန်ဇူကစ်၊ ရာကီတစ်၊ လူကာမိုဒရစ်တို့လို ကစားသမားတွေရှိနေတာကလည်း အာဂျင်တီးနားအသင်းရဲ့ ကွင်းလယ်နဲ့ သူတင်ကိုယ်တင်အကြိတ်အနယ်ရှိလာမှာပါ။ ဒီနှစ်သင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်အထိရှိထားခဲ့ကာ အာဂျင်တီးနားက နှစ်ကြိမ်အနိုင်ရပြီး ခရိုအေးရှားက တစ်ကြိမ်အနိုင်ရရှိခဲ့ကာ တစ်ကြိမ်က သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒီပွဲစဉ်မှာတော့ အနိုင်သုံးမှတ်လိုအပ်နေတဲ့ အာဂျင်တီးနားအသင်းက မက်ဆီ၊ အဂူရို၊ ဒီမာရီယာတို့ရဲ့ တိုက်စစ်ပိုင်းက နိုင်လိုစိတ်ပြင်းထန်မှုနဲ့အတူ ဂိုးရဖို့မဖြစ်မနေကြိုးစားမှာဖြစ်ပါတယ်။ ဒါပေမယ့် ခရိုအေးရှားကလည်း လျှော့တွက်လို့မရတဲ့အသင်းဖြစ်တာကြောင့် အနည်းဆုံးသရေတစ်မှတ်တော့ ရအောင်ယူပါလိမ့်မယ်။



## အိမ်ရှင်ရုရှား ၁၆ သင်းအဆင့် တက်လှမ်းဖို့အခွင့်သာခဲ့

အိမ်ရှင်ရုရှားအသင်းနဲ့ အီဂျစ်အသင်းတို့ဟာ ကမ္ဘာ့ဖလားအုပ်စုအဆင့် ဒုတိယပွဲစဉ်ကို ယှဉ်ပြိုင်ကစားခဲ့ရာမှာ ရုရှားအသင်းက အနိုင်ရရှိခဲ့ပါတယ်။

စိန့်ပီတာစဘတ်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ရုရှားအသင်းနဲ့ အီဂျစ်အသင်းတို့ရဲ့ပွဲစဉ်မှာ အီဂျစ်အသင်းက တိုက်စစ်မှူး မိုဟာမက်ဆာလာ ပါဝင်လာခဲ့တာကြောင့် ပထမပိုင်းမှာ အကြိတ်အနယ်ရှိခဲ့တဲ့အပြင် ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။

ဒါပေမယ့် ပွဲကစားချိန် ၄၇ မိနစ်မှာတော့ ရုရှားအသင်းဟာ ဖာသိုင်ရဲ့ ကိုယ့်ဂိုးကို ပြန်သွင်းမိသလိုဖြစ်ခဲ့ရာကနေ ရရှိခဲ့တဲ့ ဂိုးကြောင့် အိမ်ရှင်ရုရှားက အဖွင့်ဂိုးစတင်ရခဲ့ပါတယ်။

ရုရှားအသင်းဟာ အုပ်စုအဆင့်အဖွင့်ပွဲစဉ်မှာ ဆော်ဒီအာရေဗျကို အနိုင်ရရှိထားခဲ့တဲ့အတွက် ယုံကြည်မှုအပြည့်ရှိထားသလို ဦးဆောင်ဂိုးသွင်းယူပြီးနောက်ပိုင်း ချိတ်ဆက်မှုပိုမိုအားကောင်းလာခဲ့ကာ ပွဲကစားချိန် ၅၉ မိနစ်တွင် ချယ်ရီရှက်ဗ်ကလည်းကောင်း၊ ပွဲကစားချိန် ၆၂ မိနစ်မှာ ဒိုင်ယူဘာက လည်းကောင်း အသီးသီးဂိုးယူနိုင်ခဲ့တာကြောင့် မိနစ် ၇၀ အတွင်း သုံးဂိုးပြတ်နဲ့ ဦးဆောင်ကစားနိုင်ခဲ့ပါတယ်။

အီဂျစ်အသင်းကလည်း ချေပဂိုးရရှိရေးအားထည့်လာခဲ့ပြီး ပွဲကစားချိန် ၇၃ မိနစ်တွင် ပင်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ပြီး အဲဒီပင်နယ်တီပြစ်ဒဏ်ဘောကို တိုက်စစ်မှူးဆာလာက ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့တာကြောင့် ချေပဂိုးတစ်ဂိုးရရှိခဲ့ပါတယ်။

ဒါပေမယ့် အီဂျစ်အသင်းဟာ နောက်ထပ်ချေပဂိုးထပ်မံမသွင်းယူနိုင်ခဲ့တာကြောင့် အိမ်ရှင်ရုရှားအသင်းက အီဂျစ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ရုရှားအသင်းဟာ ယခုပွဲစဉ်အနိုင်ရရှိခဲ့တာကြောင့် အုပ်စုအဆင့်နှစ်ပွဲကစားအပြီးမှာ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်ဖို့အခွင့်သာခဲ့ပြီဖြစ်ပါတယ်။ အီဂျစ်အသင်းကတော့ နှစ်ပွဲကစားအပြီးမှာ နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့တာကြောင့် ရမှတ်တစ်မှတ်မှ မရရှိခဲ့ပါဘူး။ ရုရှားဟာ လာမယ့်ပွဲစဉ်အဖြစ် ဥရုဂွေးအသင်းနဲ့ ကစားရမှာဖြစ်ပြီး အီဂျစ်အသင်းကတော့ ဆော်ဒီအာရေဗျအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။

## ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်လာဖို့ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်း မျှော်လင့်

အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်လာဖို့ မျှော်လင့်လျက်ရှိပါတယ်။ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ အခုကျင်းပလျက်ရှိတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်အဖွင့်ပွဲစဉ်ဖြစ်တဲ့တူနီးရှားအသင်းနဲ့ ပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုးသွင်းယူထားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးပါ။

လက်ရှိမှာ အင်္ဂလန်အသင်းအတွက်လည်း ၂၅ ပွဲမှာ ၁၅ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး စပါးအသင်းနဲ့အတူ လေးနှစ်ကြာ ဖြတ်သန်းခဲ့ရာမှာလည်း သွင်းဂိုး ၁၃၅ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အဲဒါကြောင့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် မျှော်လင့်နေတာပါ။

လက်ရှိဘာလွန်းဒီအောဆုရှင် စီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ဒရစ်နဲ့အတူ သွင်းဂိုး ၄၅၀ သွင်းယူထားတာဖြစ်ပြီး မက်ဆီကတော့ ဘာစီလိုနာနဲ့အတူ ၅၅၂ ဂိုးသွင်းယူထားတာဖြစ်ပါတယ်။ အဲဒီကစားသမားနှစ်ဦးဟာ ဆယ်စုနှစ်တစ်ခုကြာ ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(ဘာလွန်းဒီအောဆု)ကို အလှည့်ကျဆိုသလို လွှမ်းမိုးနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် တိုက်စစ်မှူးဟယ်ရီကိန်းက အခုနှစ်မှာ ကမ္ဘာ့မဟာပြိုင်ဘက်နှစ်ဦးဖြစ်တဲ့ စီရိုနယ်လ်ဒိုနဲ့ လီယွန်နယ်မက်ဆီတို့ကို ကျော်ဖြတ်ကာ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ရရှိဖို့ မျှော်လင့်နေတာဖြစ်ပါတယ်။




## စီရိုနယ်လ်ဒို၏ သွင်းဂိုးဖြင့် ပေါ်တူဂီ နိုင်ပွဲစတင်ရရှိ

ပေါ်တူဂီအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အုပ်စုအဆင့်ဒုတိယပွဲစဉ်အဖြစ် မော်ရိုကိုအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ စီရိုနယ်လ်ဒို၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်သုံးမှတ်ရယူနိုင်ခဲ့သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲဖွင့်ပွဲကျင်းပခဲ့သည့် လုဇ်နီကီကွင်းကြီးထဲတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပေါ်တူဂီအသင်းနှင့် မော်ရိုကိုအသင်းတို့၏ ပွဲစဉ်တွင် ပေါ်တူဂီအသင်းသည် ပွဲစပြီး ၄ မိနစ်တွင် သွင်းယူခဲ့သည့် တိုက်စစ်မှူး စီရိုနယ်လ်ဒို၏ သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး လက်ရှိနှစ်ပွဲကစားအပြီးတွင် လေးမှတ်ရယူနိုင်ခဲ့ပြီဖြစ်သည်။

မော်ရိုကိုအသင်းမှာမူ ပြီးခဲ့သည့်ပွဲစဉ်တွင် အီရန်အသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် နိုင်ပွဲရယူရန်ကြိုးပမ်းခဲ့သော်လည်း စီရိုနယ်လ်ဒိုဦးဆောင်လာသည့် ပေါ်တူဂီအသင်းကို ကျော်ဖြတ်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးစီရိုနယ်လ်ဒိုမှာ စပိန်အသင်းနှင့်ပွဲစဉ်တွင်လည်း ဟက်ထရစ်သွင်းယူနိုင်ခဲ့ခြင်းကြောင့် ၂၀၁၈ ကမ္ဘာ့ဖလားတွင် လေးဂိုးအထိသွင်းယူနိုင်ခဲ့ပြီဖြစ်ပြီး ရွှေဖိနပ်ဆုအတွက်လည်း ရေပန်းစားနေခဲ့သည်။ မော်ရိုကိုအသင်းနှင့် ပွဲစဉ်တွင် အနိုင်ဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် တိုက်စစ်မှူးစီရိုနယ်လ်ဒိုမှာ ပေါ်တူဂီလက်ရွေးစင်အသင်းနှင့်အတူ သွင်းဂိုး ၈၅ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီလည်းဖြစ်သည်။

ပေါ်တူဂီအသင်းသည် လာမည့်ပွဲစဉ်အဖြစ် အီရန်အသင်းနှင့်လည်းကောင်း၊ မော်ရိုကိုအသင်းသည် စပိန်အသင်းနှင့် လည်းကောင်း ဇွန် ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မော်ရိုကိုအသင်းမှာ ကမ္ဘာ့ဖလားကို နှုတ်ဆက်ထွက်ခွာရတော့မည်ဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# မိုးညှင်း၌ မူးယစ်တရားခံပြေးကို ဖမ်းဆီးရာမှ လက်နက်များနှင့်အတူ ကျည်ဆန်များ သိမ်းဆည်းရမိ

**မိုးညှင်း ဇွန် ၂၀**
ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် နန်းမားကျေးရွာ၌ ဇွန်၂၀ ရက် နံနက် ၆ နာရီခွဲက မူးယစ်ဆေးဝါးပုဒ်မဖြင့် ဖမ်းဝရမ်းထုတ်ထားသူ မူးယစ်တရားခံပြေးအား ရှောင်တခင်ဝင်ရောက်ဖမ်းဆီးရာ တရားခံမှာ ထွက်ပြေးလွတ်မြောက်သွားပြီး ၎င်းကိုင်ဆောင်သည့် ပစ္စတိုသေနတ်နှစ်လက်၊ လက်ပစ်ဗုံးသုံးလုံးနှင့်အတူ ကျည်ဆန် ၂၅ တောင့်ကို သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲတပ်ဖွဲ့ဝင်များသည် နန်းမားနယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးပုဒ်မဖြင့် ဖမ်းဆီးရန် အလိုရှိသူ မူးယစ်တရားခံပြေး မိုးညှင်းမြို့နယ် တောင်အင်းကျေးရွာအုပ်စု အောင်မြေကျေးရွာနေ အောင်ဝင်းထွန်း(ခ)ထွန်းထွန်း (၄၅)နှစ်သည် အောင်မြေကျေးရွာယာခင်းအနီး ၎င်း၏နေအိမ်၌ ရောက်ရှိနေကြောင်း သတင်းအရ ရှောင်တခင်ဝင်ရောက်ရှာဖွေရာ အောင်ဝင်းထွန်း(ခ)ထွန်းထွန်းမှာ ထွက်ပြေးလွတ်မြောက်သွားပြီး ၎င်း၏ဇနီးဖြစ်သူ မဆိုင်းပန်(၂၅)နှစ်အား တွေ့ရှိ၍ အိမ်နှင့်အနီးဝန်းကျင်တွင် ရှာဖွေစစ်ဆေးရာ အိမ်နောက်ဘက် အိမ်သာဘေးမှ ကော်ဘူးဖြင့်ထည့်ထားသည့် ဘိန်းဖြူသုည ဒသမ ၂ ဂရမ်ကို တွေ့ရှိသိမ်းဆည်း၍ နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ နေအိမ်အိပ်ခန်း အိပ်ရာဘေးမှ ခါးပတ်လွယ်အိတ်ဖြင့် ထည့်ထားသည့် M-20 အမျိုးအစား (N-1107882)နံပါတ်ပါ ပစ္စတိုတစ်လက်၊ ၎င်းအမျိုးအစား (N-034098)နံပါတ်ပါ ပစ္စတိုတစ်လက်၊ M-20 ပစ္စတိုကျည်ဆန် ၂၄ တောင့်နှင့် ကျည်အိမ်နှစ်ခု၊ 7.62×39 ကျည်ဆန် ငါးတောင့်၊ တရုတ်နိုင်ငံလုပ် MG-1 ပလတ်စတစ်လက်ပစ်ဗုံး သုံးလုံးနှင့် ၎င်းအမျိုးအစား (ဖြူးစ်)သုံးချောင်းတို့ကို ရှာဖွေ တွေ့ရှိခဲ့၍ သက်သေများရှေ့တွင် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ လက်ဝယ်တွေ့ရှိသူ မဆိုင်းပန်နှင့် ထွက်ပြေးလွတ်မြောက်သွားသူ မူးယစ်တရားခံပြေး အောင်ဝင်းထွန်း(ခ)ထွန်းထွန်းတို့နှစ်ဦးအား နန်းမားနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# ဝမ်းတွင်းမြို့နယ် ရွာရှည်ကျေးရွာအနီး၌ ဆီဘောက်ဆာယာဉ်တစ်စီး မီးလောင်

**မိတ္ထီလာ ဇွန် ၂၀**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ကျေးရွာအနီး၌ ယနေ့ ညနေ ၄ နာရီ မိနစ် ၂၀ တွင် ဒီဇယ်ဆီသယ်သည့် ဆီဘောက်ဆာမော်တော်ယာဉ် တစ်စီး ဝိုင်ယာရှော့ဖြစ်၍ မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း မန္တလေးမှ မိတ္ထီလာသို့ မောင်းနှင်လာသော ဒီဇယ်ဆီသယ်ယာဉ်သည် မိုင်တိုင် ၃၆၀ နှင့် ၃၆၁ ကြား ရွာရှည်ကျေးရွာ ရွာလယ်အရောက်တွင် ဝိုင်ယာရှော့ဖြစ်ပြီး ကားမီးလောင်ခဲ့ခြင်းကြောင့် ယာဉ်ပေါ်လိုက်ပါလာသည့် ယာဉ်မောင်းအပါ နှစ်ဦးမှာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ အခင်းဖြစ်ရာသို့ မိတ္ထီလာခရိုင်အတွင်းရှိ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင်အတွင်းရှိ မီးသတ်ဦးစီးဌာနတို့မှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၆ စီးဖြင့် ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တပ်ကုန်း၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**တပ်ကုန်း ဇွန် ၂၀**
နေပြည်တော် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် နယ်မြေ ၂ တိုးချဲ့ ၂ လမ်း၌ ဇွန် ၁၉ ရက် ညနေ ၃ နာရီခွဲက စိတ်ကြွရူးသွပ်ဆေးပြား ၈၆ ပြား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်မူးယစ်တပ်ဖွဲ့စု ၁၀၁ မှ ဒုရဲမှူးလှစိုးနှင့်အဖွဲ့၊ တပ်ကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန့်ဇင်ဖြိုးနှင့်အဖွဲ့တို့သည် ဗိုလ်မင်းရောင်ရပ်ကွက် နယ်မြေ ၂ တိုးချဲ့ ၂ လမ်း ဒေါ်အိအိခိုင်၏ နေအိမ်တွင် မူးယစ်ဆေးဝါး ရောင်းချသုံးစွဲနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မြင့်ထွေး (ခ) လင်းလင်းနှင့် ဇော်မင်းလတ်တို့အား တွေ့ရှိရပြီး အိအိခိုင် ဝတ်ဆင်ထားသည့် အင်္ကျီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ခြောက်ပြားပါ ၁၀ ထုပ်၊ သုံးပြားပါ ရှစ်ထုပ်နှင့် အလွတ်နှစ်ပြား စုစုပေါင်း ၈၆ ပြား သိမ်းဆည်းရမိသည်။

ဖြစ်စဉ်နှင့် ပတ်သက်သည့် အဆိုပါ သုံးဦးအား တပ်ကုန်းမြို့မရဲစခန်းက စစ်ဆေးအရေးယူထားကြောင်း သိရသည်။

**တပ်ကုန်း(ပြန်/ဆက်)**

# ကသာမြို့နယ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကျော် သိမ်းဆည်းရမိ

**စစ်ကိုင်း ဇွန် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ပင်းမလွတ်ကျေးရွာအနီး မီးရထားသံလမ်းကူးနေရာမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၃၉၉၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၀ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်နိုင်ဦး ဦးစီးသော မူးယစ်ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ကသာမြို့မှ စိုးမိုးဝင်း(ခ)ပြူးကျယ် မောင်းနှင်ပြီး နောက်မှ တင်ထွေး လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ရှေ့ခွကြားတွင် ညှပ်ထားသော အိတ်အတွင်းမှ WY စိတ်ကြွဆေးပြား ၃၉၉၀ (ကာလတန်ဖိုးငွေကျပ် ၁၉၉၅၀၀၀၀)ကို ရှာဖွေတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်လာသူ စိုးမိုးဝင်း(ခ)ပြူးကျယ် ရွှေပေါက်ကန်ရွာသစ် မိုးညှင်းမြို့နယ်နေသူနှင့် တင်ထွေး မော်ဟန်ကျေးရွာ မိုးညှင်းမြို့နယ်နေသူတို့ နှစ်ဦးအား ကသာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**



# ကားနှင့်ဆိုင်ကယ်တိုက် နှစ်ဦးဒဏ်ရာရ

**ကျိုက်မရော ဇွန် ၂၀**
ကျိုက်မရောမြို့နယ် ပိန်းနဲ့ကုန်းကျေးရွာ သချိုင်းအဝင်၌ အသုဘပို့သောကားက ကွေ့အဝင် လမ်းပြောင်းပြန်မောင်းလာသော ဆိုင်ကယ်က ကားရှေ့ဘန်ဘာကို ဝင်တိုက်ခဲ့သဖြင့် ဆိုင်ကယ်မောင်းသူမှာ နဖူးကွဲဒဏ်ရာ၊ ပွန်းပဲ့ဒဏ်ရာများရရှိပြီး နောက်မှစီးလာသူမှာ ခြေထောက်ဒဏ်ရာရရှိသွားသဖြင့် ကျိုက်မရောလူငယ်ပရဟိတအဖွဲ့က ဒဏ်ရာရလူနာနှစ်ဦးအား ကျိုက်မရောမြို့ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မူဆယ်တွင် မိုင်းတွေ့ရှိ ရှင်းလင်းဆောင်ရွက်

**မူဆယ် ဇွန် ၂၀**
မူဆယ်မြို့နယ် စယ်လန့်ကျေးရွာအုပ်စု ဆိုင်းခေါင်ကျေးရွာအနီး မူဆယ်-နမ့်ခမ်းသွား ပြည်ထောင်စုလမ်းမကြီးဘေး ကွန်ကရစ်တံတားနှင့် ကပ်လျက်တွင် မိုင်းတစ်လုံးနှင့် ၎င်းအနီးရှိ ချုံစပ်အတွင်း မိုင်းတစ်လုံးတို့ကို ဇွန် ၁၉ ရက်က တွေ့ရှိခဲ့သည်။

မိုင်းတွေ့ရှိမှု သတင်းအရ နယ်မြေခံတပ်မှ ဗိုလ်ကြီးဆက်ပိုင်ထူး ဦးစီးအဖွဲ့နှင့် မူဆယ်မြို့မရဲစခန်းမှ နယ်ထိန်း ဒုရဲအုပ်လှမ်းမိုး ဦးစီးအဖွဲ့တို့က သွားရောက်စစ်ဆေးကြရာ အဆိုပါမိုင်းများမှာ ဒေသန္တရလက်လုပ်မိုင်းများဖြစ်ပြီး မိုင်းတစ်လုံးစီမှာ အချင်း လေးလက်မ၊ အမြင့် ခြောက်လက်မခန့်ရှိသည်။

ဒုတပ်ကြပ်ဇော်လွင်ဦးက အဆိုပါမိုင်းများကို ညနေ ၅ နာရီ မိနစ် ၂၀ တွင် ရှင်းလင်းဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီ ၁၅ မိနစ်တွင် သက်မဲ့ပြုလုပ်နိုင်ခဲ့သည်။ အဆိုပါမိုင်းများ ပေါက်ကွဲပါက ကိုက် ၁၀၀ ပတ်လည်သို့ ပျံ့နှံ့ထိခိုက်မှုများရှိနိုင်ကြောင်း၊ နယ်မြေခံတပ်မှ ဗိုလ်ကြီးဆက်ပိုင်ထူးနှင့်အဖွဲ့က သက်မဲ့မိုင်းနှစ်လုံးကို သိမ်းဆည်းသွားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၂၀**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်၍ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၇၉ စီး၊ သွင်းကုန် ၉၀၇ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၀၃၃ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉ ဒသမ ၉၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၉၈၃ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်နှစ်စီးပေါ်တွင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်ဘက်ထရီ အခု ၂၈၀၊ ဂတ်စ်အိုး ၂၅ လုံး၊ Air Compressor အခု ၆၀၊ Soya Bean Oil အခု ၇၀၊ Caramel powder ၂၀၀ ကီလိုဂရမ်၊ Sewing Motor အခု ၂၀၀၊ Bobbin Case ၂၀၀ ကီလိုဂရမ်၊ Milk Powder အခု ၆၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၂၅ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သာယာဝတီမြို့နယ်တွင် ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက် တစ်ဦးသေဆုံး၊ ၁၀ ဦး ဒဏ်ရာရ

**သာယာဝတီ ဇွန် ၂၀**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ချောင်းသုံးခွအုပ်စု အနောက်တံတားကြီးကွင်းရွာတွင် ဇွန် ၂၀ ရက် နံနက် ၆ နာရီက ရန်ကုန်မှ ပြည်သို့ သန်းလွင်(၄၀)နှစ် မောင်းနှင်လာသော ကန်တာယာဉ်ကို ပြည်မှ ရန်ကုန်သို့ ဇော်ဦး(၃၂)နှစ် မောင်းနှင်လာသည့် Express ယာဉ်က အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောပေါ်သို့ ရောက်ရှိကာ မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ကန်တာယာဉ်၏ ခေါင်းခန်းဘက်ခြမ်းတွင် လိုက်ပါလာသော ဦးဟန်စိန်မြင့်(၅၈)နှစ်မှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ Express ယာဉ်ပေါ်ပါ ယာဉ်မောင်းနှင့် ခရီးသည် ၁၀ ဦးတို့ ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့သည်။

ယာဉ်မဆင်မခြင် မောင်းနှင်သည့် ဇော်ဦးအား သာယာဝတီမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## ကယားပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှို၏ဇနီး ကျောင်းသုံးပစ္စည်းများထောက်ပံ့လှူဒါန်း

**မယ်စဲ့ ဇွန် ၂၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၏ဇနီး ဒေါ်မြင့်မြင့်မော်သည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၉ ရက်က မယ်စဲ့မြို့နယ်အတွင်းရှိ ဝေးလံခေါင်ဖျားကျေးရွာများမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် မယ်စဲ့မြို့နယ်အတွင်းရှိ ဝေးလံခေါင်ဖျားကျေးရွာများဖြစ်သော လမ်းဆုံကျေးရွာ၊ လယ်တောကျေးရွာ၊ ဟိုဂျစ်ကျေးရွာ၊ နန့်ဟူးကျေးရွာ၊ မယ်ဆည်နမ်ကျေးရွာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့သည်။ ထို့နောက် ဟိုဖကျေးရွာနှင့် တောင်လှကျေးရွာမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများကို ကျေးရွာတာဝန်ခံများထံ ပေးအပ်လှူဒါန်းခဲ့သည်။



လယ်တောကျေးရွာမှ ကျောင်းသားမိဘတစ်ဦးက "အရင်တုန်းကဆိုရင် ကျွန်မတို့ရွာဟာ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသလို လမ်းပန်းဆက်သွယ်ရေးလည်းခက်ခဲတယ်၊ အခုတော့ နယ်မြေအေးချမ်းခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ နတလဦးစီးဌာနက ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ပေးခဲ့တဲ့အတွက် လမ်းပန်းဆက်သွယ်ရေးလည်း အတော်အသင့်ကောင်းမွန် လာတယ်၊ အခုလို ဝေးလံခေါင်သီတဲ့ ကျေးရွာကိုလာရောက်ပြီး အမှန်တကယ်လိုအပ်နေတဲ့ ကျောင်းသုံးပစ္စည်းတွေ လာရောက်လှူဒါန်းပေးတဲ့အတွက် အလွန်ကို ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု ပြောကြားသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း အင်္ဂပူ၌ ကျင်းပ

**အင်္ဂပူ ဇွန် ၂၀**

အင်္ဂပူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၁၉ ရက် မွန်းလွဲ ၁ နာရီက မဲဇလီကုန်းဒေသ ဗိုလ်အောင်ကျော်ခန်းမ၌ ကျင်းပသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ အင်္ဂပူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲရင့်လှိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဗိုလ်ဇင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းဇော်စိုး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်ဆန်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဦးစီးအရာရှိ ဦးဇော်ဝင်း၊ ကျေးလက်လမ်းဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးကျော်နိုင်ဝင်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးဆောင်ဆွေးနွေးသည်။

တက်ရောက်လာသူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသမီးလင်းရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးမေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် မဲဇလီကုန်း ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

**ကျောက်ကြီး ဇွန် ၂၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး (အရှေ့) တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် သိန်တန်းရပ်ကွက် ဗျူဟာလမ်းရှိ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဇွန် ၂၀ ရက် နံနက် ၉ နာရီ က ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူတိုင်းမွေးကတည်းက တူညီသော ဂုဏ်သိက္ခာနှင့် အခွင့်အရေးရှိကြောင်း၊ တစ်ဦးကိုတစ်ဦး ညီရင်းအစ်ကို စိတ်ဓာတ်ကျင့်သုံးသင့်ကြောင်း၊ လူတိုင်း လူမျိုး၊ အသားအရောင်၊ ကျား-မ၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေး၊ ပစ္စည်းဂုဏ်စသည်တို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိဘဲ လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ ခံစားခွင့်ရှိကြောင်း၊ လူတိုင်း အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ လူပုဂ္ဂိုလ် လုံခြုံမှုရခွင့်နှင့် လူတိုင်း တရားဥပဒေရှေ့မှောက်တွင် လူသားဆန်ဆန်ဆက်ဆံခွင့်ရှိကြောင်းတို့ကို ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်ရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများကသိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၁ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ စာရေးနှင့် ရပ်မိရပ်ဖများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၂၂၀ တက်ရောက်ကြကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

## ကော့သောင်း-ဘုတ်ပြင်းလမ်းပိုင်း ယာဉ်အသွားအလာမပြတ်တောက်ရေးပြင်ဆင်ဆောင်ရွက်

**ကော့သောင်း ဇွန် ၂၀**

လွန်ခဲ့သည့်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် ကော့သောင်း-ဘုတ်ပြင်းကားလမ်း ကီလိုမီတာ ၃၁၇ နှင့် ၃၁၇ ဒသမ ၅ အကြားရှိ အောင်ဇင်မာဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီအနီးရှိ သီတာရေစင်တံတားအား တောင်ကျရေများ တိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်း ပျက်စီးကာ ယာဉ်အသွားအလာ ခေတ္တပြတ်တောက်ခဲ့မှုကို နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု မဖြစ်ပေါ်ရေး ဇွန် ၁၉ ရက်က ဆောင်ရွက်ခဲ့သည်။



အဆိုပါ လမ်းပန်းဆက်သွယ်မှုမပြတ်တောက်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့၍ ဇွန် ၂၀ ရက် ညပိုင်းခန့်တွင် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်ငယ်များ ပြန်လည်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဆောက်လုပ်ရေးဌာနမှ လုပ်သားကြီးများအား ကော့သောင်းမြို့ ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့မှ သောက်ရေသန့်များ၊ အချိုရည်များနှင့် စားစရာမျိုးစုံကို ဇွန် ၁၉ ရက် မွန်းလွဲပိုင်းက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

## ဝိုင်းမော်ရှိ တိုက်ပွဲရှောင်စခန်းနေမိသားစုများအား တန်ဖိုးနည်းအိမ်ရာသို့ ပြောင်းရွှေ့နေရာချထား

**မြစ်ကြီးနား ဇွန် ၂၀**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်း ရှစ်ခုမှ အိမ်ထောင်စု ၉၅ စုတို့အား မိုင်းနားကျေးရွာရှိ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောက်လုပ်ပြီးစီးသည့် တန်ဖိုးနည်းအိမ်ရာသို့ ယနေ့နံနက်ပိုင်းတွင် ပြောင်းရွှေ့နေရာချထားပေးကြပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ တိုက်ပွဲရှောင်မိသားစုများ၏ ပြောင်းရွှေ့နေရာချထားမှုကို ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ပြောင်းရွှေ့နေထိုင်ကြသည့် မိသားစုဝင်များအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တန်ဖိုးနည်းအိမ်ရာအလုံး ၁၀၀ နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ပြည်နယ်အစိုးရအဖွဲ့ထံလွှဲပြောင်းပေးအပ်ရာ ပြည်နယ်လူမှုရေးဝန်ကြီးက လက်ခံရယူသည်။

ထို့နောက် တိုက်ပွဲရှောင်မိသားစုဝင်များ၏ နေအိမ်များတွင် ပြောင်းရွှေ့နေထိုင်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုခဲ့သည်။

အဆိုပါ တိုက်ပွဲရှောင်မိသားစုများအား ပြောင်းရွှေ့နေရာချထားပေးသည့် တန်ဖိုးနည်းအိမ်ရာသည် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ပြီး (၄၀×၆၀)ပေကျယ် ခြံဝင်းအတွင်း နေအိမ်တစ်လုံးနှင့် ရေတွင်းတစ်တွင်းစီ ပါဝင်ကာ အိမ်တစ်လုံးလျှင် တန်ဖိုးငွေကျပ်သိန်း ၅၀ ရှိပြီး အဆိုပါ အိမ်ရာဝင်းအတွင်း ပြောင်းရွှေ့မိသားစုဝင်များ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးအတွက် ဆေးခန်း၊ စာကြည့်တိုက်နှင့်ကလေးပျော်နေရာ တစ်ခုပါဝင်ကြောင်း သိရသည်။



ယနေ့ ရွှေ့ပြောင်းနေထိုင်ကြသည့် တိုက်ပွဲရှောင်များမှာ ဝိုင်းမော်မြို့နယ်အတွင်းရှိ လော်ဝေါ် နှစ်ခြင်းအသင်းတော်မှ အိမ်ထောင်စု ခြောက်စု၊ လော်ဝေါ်အေဂျီအသင်းတော်မှ အိမ်ထောင်စု ငါးစု၊ သာဂရ သရက်တောစခန်းမှ အိမ်ထောင်စု ၄၄ စု၊ သာဂရလီဆူနှစ်ခြင်းအသင်းမှ အိမ်ထောင်စု တစ်စု၊ ခတ်ချိုစခန်းမှ အိမ်ထောင်စု ၁၁စု၊ မိုင်းနားကတ်သလစ်အသင်းတော်မှ အိမ်ထောင်စု ၁၂ စု၊ မိုင်းနားအေဂျီအသင်းတော်မှ အိမ်ထောင်စု ရှစ်စုနှင့် မိုင်းနားဖွံ့ဖြိုးရေးခြံမှ အိမ်ထောင်စု ရှစ်စု စုစုပေါင်း အိမ်ထောင်စု ၉၅ စု၊လူဦးရေ ၄၉၉ ဦးတို့အား ၎င်းတို့၏ ဆန္ဒသဘောထားဖြင့် စာရင်းကောက်ယူကာ သက်ဆိုင်ရာစခန်းအသီးသီးမှ မော်တော်ယာဉ်များဖြင့် ဇွန် ၁၉ ရက်မှစတင်၍ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြောင်းရွှေ့နေရာချထားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် (ပဲခူး) ဆုပေးပွဲကျင်းပ

**ပဲခူး ဇွန် ၂၀**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ထွက်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ မြဝတီဘဏ်က အဓိကကူညီပံ့ပိုးသည့် ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ကို ဇွန် ၁၇ ရက် နံနက် ၆ နာရီခွဲက ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပသည်။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဝန်ဆောင်မှုလုပ်ငန်းများ ဌာနကြီးမှူး ဦးအောင်ရဲဝင်းက အမျိုးသမီး ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၂၆ ချက်ဖြင့် ပထမရရှိခဲ့သော အိန်ဂျယ်လာအောင်၊ စုစုပေါင်းရိုက်ချက် ၂၃၀ ဖြင့် ဒုတိယရရှိခဲ့သော ဖူးပွင့်ရတီခိုင်တို့အား ဆုများအသီးသီးချီးမြှင့်ခဲ့သည်။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် အထွေထွေအုပ်ချုပ်ဌာန ကြီးကြပ်ရေးမှူး ဦးမင်းမော်က အမျိုးသား ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် ပထမရရှိသော မောင်မဲ၊ စုစုပေါင်းရိုက်ချက် ၂၉၆ ချက်ဖြင့် ဒုတိယရရှိခဲ့သော မင်းနိုင်စိုးတို့အားလည်းကောင်း၊ ပညာရှင်အဆင့်တွင် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၂၈၂ ချက်ဖြင့် ပထမရရှိသော ဟိန်းစည်သူ (Phyo Si Thu Teak Plantation- Myanmar & Bago Yoma Eco Resort –Myanmar) အား မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးစိုးသိန်းနှင့် မြဝတီဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်တို့က ဆုဖလားနှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့် ၄၀၊ အမျိုးသား ဝါသနာရှင်အဆင့် ၁၂၄ ဦး၊ အမျိုးသမီး ဝါသနာရှင်အဆင့် ၁၄ ဦး စုစုပေါင်း ၁၇၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် မြန်မာ့ဖွံ့မာန်ကုမ္ပဏီလီမိတက်မှ အဓိက ကူညီပံ့ပိုးမည့် တတိယပွဲစဉ်အား စက်တင်ဘာလတွင် မော်လမြိုင်မြို့ ရွှေနတ်တောင်ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများကို MWD Bank, Innwa Bank, Phyo Si Thu Teak Plantation- Myanmar & Bago Yoma Eco Resort –Myanmar, Mottama Holdings Co.,Ltd, Myanmar Zwe Mann Co.,Ltd တို့က အဓိကကူညီပံ့ပိုးပေးထားသည်။

**သက်မှူး**




## ကျောင်းကုန်းမြို့၌ ကျောင်းမုန့်ဈေးတန်းအား ရောင်တာခင်စစ်ဆေး

**ကျောင်းကုန်း ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း၏ မုန့်ဈေးတန်းအား အစာအဆိပ်သင့်စေမည့် စားသောက်ကုန်စည်များ ရောင်းချခြင်း ရှိ-မရှိ ရောင်တာခင်စစ်ဆေးခြင်းကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက သွားရောက်စစ်ဆေးခဲ့ကြောင်းသည်။



အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တရားဝင်တားမြစ်ထားသော အစားအသောက်များနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်ထားသော စားသောက်ကုန်စည်များကို ရောင်းချခြင်းမပြုရန်၊ သက်တမ်းလွန်စားသောက်ကုန်စည်များ လုံးဝရောင်းချခြင်းမပြုရန် လိုက်လံစစ်ဆေး သတိပေးခဲ့သည်။

အဆိုပါအဖွဲ့တွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့ဝင်များက ကျောင်းမုန့်ဈေးတန်း၌ တားမြစ်ထားသည့် အစားအသောက်များပါသော ဗီနိုင်းပိုစတာများကပ်၍ သတိပေးနှိုးဆော်ထားသည်။ မုန့်ဈေးတန်းတွင် ရောင်းချမှုကို စစ်ဆေးရာ၌ လိုက်နာစစ်ဆေးရမည့် အချက် ၅ ချက်ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**ပူတာအို ဇွန် ၂၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနအတွင်းရှိ ဝန်ထမ်းများ၏ လုပ်ငန်းခွင်စွမ်းဆောင်ရည် မြင့်မားရေးသင်တန်းကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက ပူတာအိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ခရိုင်ဦးစီးမှူး ဦးကျော်ဆောင်းက ဝန်ထမ်းများ စိုက်ပျိုးရေးဦးစီးဌာန၏ မူဝါဒများ၊ ဦးတည်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရန် တောင်သူများအား ပညာပေးစည်းရုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချပေးသော နည်းပညာများကို တောင်သူများထံသို့ ဖြန့်ဝေပေးရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းတွင် ပူတာအိုခရိုင် ဦးစီးအရာရှိ ဦးဝင်းမောင်က ပိုးသတ်ဆေးအသုံးပြုပုံများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးထွန်းနိုက်က မျိုးစေ့ဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း၊ ခရိုင်ရုံး ဒုတိယဦးစီးမှူး ဦးသန်းလွင်က ဓာတ်မြေဩဇာအသုံးပြုပုံများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးသန့်စင်မျိုးက သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် GAP စနစ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရမည့် နည်းပညာများကိုလည်းကောင်း တစ်ရက်တာ ဆွေးနွေးပို့ချသွားမည်ဖြစ်ရာ သင်တန်းသို့ ခရိုင်ရုံးဝန်ထမ်းများနှင့် မြို့နယ်ရုံးများမှ ဝန်ထမ်းများ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြသည်။

**(ခရိုင်ပြန်/ဆက်)**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေးပညာပေး

**ရန်ကုန်**

ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးနှင့်အဖွဲ့သည် ကော့မှူးမြို့နယ် ရှမ်းစုကျေးရွာ ဓမ္မာရုံ၌ အမှုကြီးများမဖြစ်ပွားစေရေး၊ မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး မှုခင်းအသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ရာ ရှမ်းစုကျေးရွာရှိ ပြည်သူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

---

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု မြိုင်သာယာ အထက(ခွဲ)ကျောင်းရှေ့၌ ဇွန်၁၈ ရက် နံနက်၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ကျောက်တန်းမြို့မ ရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက ဆရာ ဆရာမ ၃၄ ဦးနှင့် ကျောင်းသားကျောင်းသူ ၂၃၅ ဦးတို့အား သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့သည်။

**နိုးတူး(ကျောက်တန်း)**



## နှစ် ၄၀ ပြည့်ခဲ့ပြီဖြစ်တဲ့ ဂါးဖီးဒ်

ကာတွန်းဇာတ်ကောင်တစ်ခုဖြစ်တဲ့ ရွှေဝါရောင်ကြောင်လေး ဂါးဖီးဒ် ဖြစ်တည်လာခဲ့တာ လတ်တလောမှာတော့ နှစ် ၄၀ ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ဟာသဇာတ်ကောင်လေးတစ်ဦးလည်းဖြစ်တဲ့ ဂါးဖီးဒ်ဟာ ၁၉၇၈ ခုနှစ် ဇွန် ၁၉ ရက်မှာ စတင်ပေါ်ပေါက်လာတာဖြစ်တဲ့အတွက် ပြီးခဲ့တဲ့ ၁၉ ရက်မှာတော့ ဂါးဖီးဒ်ရဲ့ သက်တမ်းဟာ နှစ် ၄၀ ပြည့်ခဲ့ပြီဖြစ်ပါတယ်။

ဂါးဖီးဒ်ရဲ့ ဖန်တီးရှင် ကာတွန်းဆရာ ဂျင်မ်ဒေးဗစ်က ဇွန် ၁၉ ရက်မှာ ဖြန့်ချိခဲ့တဲ့ "The Guardian" သတင်းစာမှာ အင်တာဗျူး ဖြေဆိုထားတာကိုလည်း တွေ့ရပါတယ်။ ဒီအင်တာဗျူးမှာတော့ အသက် ၇၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကာတွန်းဆရာက သူဖန်တီးခဲ့တဲ့ဇာတ်ကောင်နဲ့ပတ်သက်တဲ့ အမှတ်တရတွေနဲ့ ယုံကြည်ချက်တွေကိုလည်း ထည့်သွင်းဖြေကြားထားတယ်လို့လည်း သိရပါတယ်။ ဒီအကြောင်းအရာတွေကိုတော့ ယူအက်မဂ္ဂဇင်းဒေ့ါကွန်းမှာ ဖော်ပြထားတာဖြစ်ပါတယ်။

**အေးပြည့် - ရေးသားသည်**

## အီတလီမှာ အကောင်းဆုံးဘဝမျိုးနဲ့ နေထိုင်နေတဲ့ ဆယ်လီနာဂိုမက်ဇ်

ပြီးခဲ့တဲ့သီတင်းပတ်အကုန်မှာ ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာဟာ အချစ်ဟောင်းတစ်ဦးဖြစ်တဲ့ ဟေးလေးဘော်ဝင်နဲ့ ဇာတ်လမ်းတွေပြန်စရင်း မီဒီယာစာမျက်နှာတွေပေါ်မှာ နေရာယူထားခဲ့ချိန်မှာတော့ ဆယ်လီနာဂိုမက်ဇ်ဟာ အီတလီကို ရောက်ရှိနေပြီး တစ်ကိုယ်တည်းသမားတစ်ဦးရဲ့ဘဝကို အကောင်းဆုံးပုံစံမျိုးနဲ့ ဖြတ်သန်းနေတာဖြစ်တယ်လို့ ကော်စမိုပိုလီတန်ဒေ့ါကွန်းမှာ ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

လတ်တလောမှာ ဆယ်လီနာဂိုမက်ဇ်ဟာ ရောမကို ရောက်ရှိနေပြီး "Wizards of Waverly Place"မှာ သူ့ရဲ့အစ်ကိုအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသားဒေးဗစ်ဟင်နရီနဲ့ အတူတွဲဖက်ကာ ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရပါတယ်။ ဇွန် ၁၈ ရက်မှာ ဆယ်လီနာဂိုမက်ဇ်ဟာ ရောမကိုရောက်ရှိနေပြီး ယခုလို ဓာတ်ပုံရိုက်ခဲ့ကြောင်း ပရိသတ်တွေက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့ကြတာဖြစ်ပါတယ်။ ဆယ်လီနာဂိုမက်ဇ်ဟာ ယင်းခရီးစဉ်အတွင်း ပရိသတ်တွေနဲ့တွဲဖက်ကာ ဓာတ်ပုံတွေ ရိုက်ခဲ့ကြောင်းလည်း သိရပါတယ်။

ဆယ်လီနာဂိုမက်ဇ်နဲ့ ဒေးဗစ်တို့ဟာ အလွန်ခင်မင်ကြသူတွေလည်း ဖြစ်ကြပါတယ်။ သူတို့နှစ်ဦးစလုံးဟာ ကလေးဘဝကတည်းက ဒစ်စနေရဲ့ သရုပ်ဆောင်တွေအဖြစ် အတူထွန်းတောက်လာခဲ့ကြသူတွေပါ။ ဆယ်လီနာဂိုမက်ဇ်ဟာ ဒေးဗစ်ရဲ့ မင်္ဂလာပွဲကို တက်ရောက်ခဲ့ပြီး မင်္ဂလာမောင်နှံအတွက် အမှတ်တရဆုတောင်းစကားတွေကိုလည်း သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြပေးခဲ့တာကိုလည်း တွေ့ရပါတယ်။

သတင်းရင်းမြစ်တစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်အရ ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျက်စတင်ဘီဘာတို့ရဲ့ အချစ်ဇာတ်လမ်းဟာ တကယ့်ကို ပြီးဆုံးသွားခဲ့ပြီလို့ သိရပါတယ်။ ဆယ်လီနာဂိုမက်ဇ်ဟာ ဂျက်စတင်ဘီဘာကို လူသားတစ်ဦးအနေနဲ့ လေးစားပေမယ့် သူနှစ်သက်တဲ့အရာတွေကို လုပ်ဆောင်နေရတာကိုသာ ကြိုက်တာကြောင့် ဂျက်စတင်နဲ့ လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် ဆယ်လီနာဂိုမက်ဇ်ဟာ ဂျက်စတင်ဘီဘာနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို လုံးဝပြောကြားခြင်းမရှိတော့တဲ့အပြင် အဆက်အသွယ်လည်း လုံးလုံးပြတ်တောက်သွားခဲ့ပြီဖြစ်ကြောင်းလည်း သိရပါတယ်။



## ချာလီပုသ် တောင်ကိုရီးယားသို့ လာရောက်ဖျော်ဖြေမည်

နာမည်ကျော်အမေရိကန်တေးရေး၊ တေးဆိုတစ်ဦးဖြစ်သူ ချာလီပုသ်ဟာ တောင်ကိုရီးယားသို့ ဒုတိယအကြိမ်မြောက် လာရောက်ဖျော်ဖြေမှာဖြစ်ကြောင်း အမ်အက်စ်အန်ဒေ့ါကွန်းမှာ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒီတစ်ကြိမ်မှာတော့ ဖျော်ဖြေပွဲကို လာမယ့် နိုဝင်ဘာ ၈ ရက်မှာ ဆိုးလ်တောင်ပိုင်းမှာရှိတဲ့ ဂျမ်ဆေးအရီနာမှာ ပြုလုပ်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ချာလီပုသ်ဟာ ယာဉ်တိုက်မှုတစ်ခုတွင် ကွယ်လွန်သွားခဲ့တဲ့ "The Fast and the Furious" မင်းသား ပေါလ်ဝေါကာအတွက် ရည်ရွယ်ရေးသားထားတဲ့ တေးသီချင်း "See You Again"နဲ့ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေရဲ့ အသိအမှတ်ပြုမှုကို ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ သူဟာ ၂၀၁၆ ခုနှစ်အတွင်း "We Don't Talk Anymore" နဲ့ "Suffer" တေးသီချင်းတွေနဲ့လည်းကောင်း၊ ၂၀၁၇ ခုနှစ်အတွင်း "Attention"တေးသီချင်းနဲ့လည်းကောင်း အောင်မြင်မှုတွေ ထပ်မံရရှိခဲ့ပါတယ်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဉာဏ်စကားမှန်ပါသည်နှင့် ဗုဒ္ဓအလိုကျ ဓမ္မဆောင်းပါးများ



စာရေးဆရာ ဦးဆန်းလင်း(ဆည်မြောင်း)စီစဉ်ရေးသားသည့် ဉာဏ်စကားမှန်ပါသည်နှင့် ဗုဒ္ဓအလိုကျ ဓမ္မဆောင်းပါးများ စာအုပ်ထွက်ရှိလာသည်။

ဘာသာရေးနှင့် ပတ်သက်လာလျှင် မူလအစဉ်အလာကိုလွန်ပြီး ကွန့်လိုက်သောအခါ မှန်လျှင်ကောင်းပါသည်၊ မမှန်လျှင်(မမှန်ဖို့က များပါသည်) မသိနားမလည်သူ သူတော်ကောင်း စာဖတ်ပရိသတ်များဖတ်မိပါက အပါယ်သို့ချသကဲ့သို့ ဖြစ်နိုင်သောကြောင့် ကြမ်းပေါက်ကျွံလျှင် နုတ်လို့ရသည်၊ စကားကျွံလျှင်နုတ်လို့မရ ဆိုရိုးစကားရှိသော်လည်း ဘာသာရေးကလောင်ကျွံသော် ထိုထက် ပို၍ဆိုးသော အကျိုးကိုခံစားရမည် ဖြစ်သည်။ မြတ်ဗုဒ္ဓ၏သာသနာတော်တွင် အနှစ်သာရ တရားသုံးပါးဖြစ်သည့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ စိတ်တည်ကြည်ငြိမ်သက်ခြင်း၊ ထိုးထွင်း၍သိမြင်ခြင်း ဟူသော သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးမျိုးကိုရေးသားထားသည်။

စာအုပ်ကိုရွှေရည်ဦးစာပေ၊ ရတနာနင်းဆီအဆင့်မြင့်အိမ်ရာ၊ ကွန်ဒို အမှတ်(3B)၊ အခန်းအမှတ် - ၆၀၃၊ ရတနာလမ်းမကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၉ - ၅၀၇၀၁၅၇နှင့် ၀၉ - ၄၂၀၀၁၂၅၃၆တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

## ဘုရားရှင်ခွင့်ပြုတော်မူသော သက်န်းရောင်



မဝတ်သင့် မဆောင်းသင့်သည့် သင်္ကန်းရောင်ခုနစ်မျိုးကိုသိရှိနိုင်စေရန် စာရေးသူယတိဝိစက္ခဏ(ဘုရားဖြူ) စီစဉ်ရေးသားသည့် ဘုရားရှင်ခွင့်ပြု တော်မူသော သင်္ကန်းရောင် စာအုပ်ထွက်ရှိလာသည်။

ဆဗ္ဗဂ္ဂီရဟန်းဆိုးများသည် သင်္ကန်းအရောင်အမျိုးမျိုးကိုဝတ်ကြခြင်း၊ နဖူးသင်းကျစ်ဆောင်ခြင်း၊ အမြိတ်အဆာပါသော သင်္ကန်းများကို ဝတ်ခြင်း၊ ဦးရစ်ကို ပေါင်းခြင်းတို့ကြောင့် ဝိနည်းမဟာဝါ စီဝရက္ခန္ဓကမှာ မဝတ်ရမဆောင်းရဟု ဘုရားရှင်ပညတ်တော်မူရသည်။ ညိုလွန်းသောသင်္ကန်း၊ နီလွန်းသောသင်္ကန်း၊ ဝါလွန်းသောသင်္ကန်း၊ အပြာရောင်(ပန်းရောင်)သင်္ကန်း၊ အနက်ရောင်သင်္ကန်း၊ နီညိုရင့်သင်္ကန်း၊ ဖျော့တော့တော့ သစ်ရွက်ခြောက်ရောင် အဆင်းရှိသောသင်္ကန်းတို့ကို မဝတ်ရဟုပညတ်ခြင်းဖြစ်သည်။ အနီချည်း မဟုတ်ဘဲ အဝါနှင့်ရောသော အနီရောင်၊ အညိုချည်း မဟုတ်ဘဲ အဝါနှင့် ရောသောအညိုရောင်၊ အနီနှင့်ရောသောအညိုရောင်မျိုးကိုသာဝတ်သင့်ကြောင်းရေးသားထားသည်။

စာအုပ်ကို အောင်ကျော်မြင့်စာပေ - ဦးဝိစက္ခဏာဘိဝံသ၊ ဘုရားဖြူတိုက်၊ ၅၂ - လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၄၉၃၁၈၆၇၉နှင့် ၀၉ - ၂၅၀၉၀၃၅၈၀တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။

## ဇေယျ သို့မဟုတ် ကောက်ရိုးနွယ်အားမာန်ရှင်



စာပေမြတ်နိုးသူများ လေ့လာဖတ်ရှုနိုင်စေရန် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၏ စာစဉ်(၂၀)အဖြစ် ဇေယျ သို့မဟုတ် ကောက်ရိုးနွယ် အားမာန်ရှင် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဆရာဇေယျ၏ နာမည်ကျော် မြတ်လေးရွှေစားဗိုလ်အပါအဝင် ဝတ္ထုတို၊ ဝတ္ထုရှည် အမြောက်အမြားကို ရေးဖွဲ့ခဲ့၍ စစ်မဖြစ်မီ မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားသော စာရေးဆရာတစ်ဦးဖြစ်ပြီး ဝတ္ထု၊ ဆောင်းပါးနှင့် စာတမ်းစသည့် စာပေမျိုးစုံကို ရေးသားခဲ့သောကြောင့် မြန်မာစာပေလောကတွင် သမိုင်းမှတ်တိုင်အဖြစ်ကျန်ရစ်နေမည့် စာကောင်းပေမွန်များပင်ဖြစ်သည်။ အဆိုပါစာအုပ်တွင် စာရေးဆရာကြီး ၃၁ဦး၏ ဆောင်းပါးများကိုဖော်ပြထားသဖြင့် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာများကိုချစ်မြတ်နိုးသူများနှင့် မျိုးဆက်သစ် စာပေချစ်သူများအတွက် အကျိုးရှိစေမည့် စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရန်အောင်စာပေ၊ အမှတ်(H)၊ အ - ထ - က(၁)၊ ရန်ကင်းကျောင်းရှေ့ ၁၂ - လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ - ၅၁၇၉၃၉၈နှင့် ၀၉ - ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

## သရေခေတ္တရာမြို့ဟောင်းရှိ လေ့လာစရာနေရာများသမိုင်းနှင့် ဧည့်လမ်းညွှန်



စာရေးဆရာ မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန) စီစဉ်ရေးသားသည့် သရေခေတ္တရာမြို့ဟောင်းရှိ လေ့လာစရာနေရာများသမိုင်းနှင့် ဧည့်လမ်းညွှန် စာအုပ်ထွက်ရှိလာသည်။

ပျူမြို့ဟောင်းအား နိုင်ငံသူနိုင်ငံသားများအားလုံး သိရှိစေလိုသောရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ထွန်းကားခဲ့သော မြို့တော်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို သိရှိနိုင်စေရန်အတွက်လည်းကောင်း၊ သရေခေတ္တရာမြို့ဟောင်းသို့ လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များအား မြို့ဟောင်းအတွင်းသို့ သွားရောက်လေ့လာနိုင်သောနေရာများကိုသိရှိလိုသောကြောင့်လည်းကောင်း အဆိုပါစာအုပ်တွင် အခန်းကဏ္ဍ ၁၈ ခုဖြင့် ရေးသားဖော်ပြထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် - ၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိ သည်။

## နဂါးနီ စာအုပ်အသင်း



အမျိုးသားဇာတိသွေး၊ ဇာတိမာန်တက်ကြွခဲ့သည့်အကြောင်းကို စာဖတ်သူများ သိရှိနိုင်စေရန် စာရေးသူဆရာလှကွန့် စီစဉ်ရေးသားသည့် နဂါးနီ စာအုပ်အသင်း ထွက်ရှိလာသည်။

နဂါးနီစာအုပ်အသင်းကြီးသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများကို နိုင်ငံရေးစိတ်ဓာတ်နိုးကြားတက်ကြွစေရန်လှုံ့ဆော်ပေးခြင်း၊ သူ့ကျွန်ဘဝက လွတ်မြောက်လိုသော စိတ်ဖြစ်ပေါ်လာစေရန်၊ ဇာတိသွေး၊ ဇာတိမာန်ရှိကြစေရန် ဆွဲဆောင်ရာတွင် တိုက်ချင်စိတ်၊ မိုက်ချင်စိတ်များ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးခဲ့သည်။ အဆိုပါစာအုပ်တွင် နဂါးနီ သို့မဟုတ် ထွန်းဧ သို့မဟုတ်၊ သပိတ်မှသည်နဂါးနီဆီသို့၊ ကောလစ်နဲ့ထွန်းဧ၊ တက်ဘုန်းကြီးနဲ့ နဂါးနီ၊ လာပြီ နဂါးနီသတင်းစဉ်၊ စနေ နဂါးနီ သို့မဟုတ် နဂါးနီဂျာနယ်၊ နဂါးနီနဲ့ ကိုထွန်းဧ၊ နဂါးနီ စာအုပ်အသင်းထုတ်စာအုပ်စာရင်း၊ ငါးဘဝစံ သို့မဟုတ် နဂါးနီကို ပျိုးထောင်သူ စသည့်နဂါးနီနှင့် ပတ်သက်သည့်အကြောင်းများကို ရေးသားထားသည်။

စာအုပ်ကိုခြူးခြူးစာအုပ်တိုက်၊ အမှတ် - ၇၀၊ ၃ - လွှာ၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၅၁၃၂၆၃၈နှင့် ၀၉ - ၂၅၀၆၄၇၇၄၅တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

## မမေ့နိုင်သော လက်ဖက်ရည်တစ်ခွက် နှင့် စစ်သည်နှလုံးသားပဲ့တင်သံများ



စာရေးသူ ရဲမင်းစိုး၏ မမေ့နိုင်သော လက်ဖက်ရည်တစ်ခွက်နှင့် စစ်သည် နှလုံးသား ပဲ့တင်သံများစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

စာအုပ်တွင် မမေ့နိုင်သော လက်ဖက်ရည်တစ်ခွက်၊ အတိတ်ကအရိပ်၊အနောက်တံခါးမှသည်၊ ငွေတောင်တန်းဆီသို့ အမွေစသည့် ဝတ္ထု ၁၀ ပုဒ်ကို စုစည်းထားခြင်း ဖြစ်သည်။

စာအုပ်၏ အမှာစာရေးသားသူ ဆရာ မြင်းမူမောင်နိုင်မိုးက ရဲမင်းစိုး၏ဝတ္ထုများကို ဖတ်ရှုရသည်မှာ ကတညုတ၊ ကတဝေဒီ၊ ကတကာရီဟူသော မင်္ဂလာတရားတော်ကို ပိုမို၍မြတ်နိုးကြည်ညိုပူဇော်လိုသော စိတ်နှလုံးကို ဖြစ်ပေါ်စေ၏ ဟု ဆိုချင်မိသည်ဟု ထည့်သွင်းရေးသားထားသည်။

ထိုစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ငွေကျပ် ၃၅၀၀ ဖြင့်ထုတ်ဝေဖြန့်ချိသည်။

## Auto CAD 2016 Vol:II



ကွန်ပျူတာပညာကို လေ့လာလိုက်စားလိုသူများအတွက် စာရေးသူ Aung Myint (M.E., Australia) စီစဉ်သည့်အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ Auto CAD 2016 Vol:II စာအုပ်ထွက်ရှိလာသည်။

ကွန်ပျူတာစာအုပ်ကိုဖတ်ရှုလေ့လာသူများသည် Auto CAD basic operation တွေနှင့် ရင်းနှီးပြီးသားဆိုလျှင် အဆိုပါစာအုပ်ကို လေ့လာခြင်းဖြင့် အသုံးပြုရန် လွယ်ကူမည်ဖြစ်သည်။ Auto CAD version တွေက တစ်နှစ်တစ်ခါ တက်နေသည့်အတွက်ဖြစ်သောကြောင့် အသစ်အသစ်သော feature တွေကို ဆက်လက်၍လေ့လာနေရမည်ဖြစ်သည်။ Auto CAD 2016 တွင် editing tool၊ text နှင့် dimensioning လုပ်ခြင်းက ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ display ပြုလုပ်ရာတွင်လည်း ပုံပြပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို အောင်မြင်စာပေ၊ အမှတ်(၁) အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ - ၅၄၁၇၄၅နှင့် ၀၁ - ၅၅၂၁၀၄တို့က တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။

## လူငယ်တွေဖတ်ဖို့ (တတိယအကြိမ်)



ယနေ့ခေတ်လူငယ်များ၏ ဘဝအတွက် အတွေးအမြင်များနှင့် စိတ်ဓာတ်ခွန်အားပြည့်ဝစေရန် စာရေးသူ ကောင်းစံသာ(ရေကြည်) စီစဉ်ရေးသားသည့် လူငယ်တွေဖတ်ဖို့ (တတိယအကြိမ်) စာအုပ်ထွက်ရှိလာသည်။

မိဘကိုကျေးဇူးပြုဖို့၊ မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝဖြင့် တည်ဆောက်ပြီး ရှေ့ဆက်လျှောက်လှမ်းနိုင်ဖို့၊ မိမိကိုယ်ကိုနှင့် အခြားသူများအပေါ် အကောင်းမြင်ပြီး ခွင့်လွှတ်သည်းခံမှုကိုလက်ကိုင်ပြုကာ နေ့စဉ်တိုးတက်အောင်မြင်မှုရရှိအောင် ကြံဆောင်သွားရန် အလွန်ပင် အရေးကြီးသည်။ အဆိုပါစာအုပ်ကို စာရေးသူကိုယ်တိုင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် ဘဝအတွေ့အကြုံများအပေါ် အခြေခံ၍ ရေးသားထားသည်။ အကောင်းဆုံးအချိန်ဆိုသည်မှာ လက်ရှိအချိန်ဖြစ်ပြီး အကောင်းဆုံးအလုပ်ဆိုသည်မှာ လက်ရှိအချိန်ကို ဉာဏ်နှင့်ဝီရိယ နှစ်မျိုးပေါင်းကာ လုပ်ဆောင်ပါက အောင်မြင်မှုကိုရရှိနိုင်မည်ဖြစ်သည်။ ယနေ့ချိန်အခါတွင် အပင်အရိပ်အာဝါသအောက်တွင် နေထိုင်သူများသည် တစ်ချိန်က ချွေးဒီးဒီးကျအောင် လုပ်ဆောင်ခဲ့သောအကျိုးကြောင့်ဖြစ်သည်။

စာအုပ်ကိုချန့်ချန်စာပေ၊ အမှတ် - ၂၇၊ ၁၇ - လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၄၃၀၆၄၃၁၉က တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။




HOTLINE
+959 777 773 770
/THECENTRALYANGON

PROJECT LOCATION
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

GALLERY SHOWROOM
No. 7-8, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
www.thecentral.com.mm

All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in this project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part of the Materials shall be deemed to constitute an infringement of Marga Landmark's rights, and is strictly prohibited.




YWCA
ပန်းအလှပြင်နည်းသင်တန်း
နေ့ရက် - ၂၅-၆-၂၀၁၈ မှ ၄-၇-၂၀၁၈
နေရာ - YWCA, ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
Box ကားများဖြင့်
09-450042704
09-250095116
09-420096296

ဗမာဆေးသုတ်အဖွဲ့
Unitex - 150,200,250,300
Orient - 250,300,350,400
Premier - 300,350,400,450
ICI - 350,450,700
Nippon - 400,500,750
09-73174830, 09-5131799, 09-799901512









**ရွှေမဟာ** အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်း

**သီရိလင်္ကာစွယ်တော်လှည့်လည်ပူဇော်ပွဲ**

SMH

ရွှေမဟာမှ သီရိလင်္ကာစွယ်တော်ပွဲကို(၁၄.၈.၂၀၁၈) အသွား (၂၀.၈.၂၀၁၈) ပြန်ရောက်မည့် (၆) ညအိပ် (၇) ရက်ခရီးစီစဉ်ထားပါသည်။မဗ္ဗာလက်ဆောင်အဖြစ် ပုဝါ၊လမ်းညွှန်စာအုပ်၊အဝတ်ထည့်ရန်အိတ်ကြီး(၁)အိတ် နှင့် အိတ်လွယ်(၁)အိတ်၊ ခရီးစဉ်မှတ်တမ်းအခွေ တို့ကိုလည်း ပေးသွားပါမည်။

ဆက်သွယ်ရန်-အမှတ်(၆၃)မြေညီ၊ဗဟိုဝတီ(ဗဟို)လမ်းမကြီး၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း-၀၁-၅၁၈၀၁၉၆၊ ၀၉-၅၁၃၄၈၈၄၄၊ ၀၉-၅၁၈၈၀၃၇၆၊ ၀၉-၄၃၂၀၀၆၄၆၊

**သန့်ရှင်းရောင်းရင်းများ** ဗ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)

ပုဂံ၊ မုံရွာ (ဖားအောက်) ... (၂၆-၇-၂၀၁၈) ... ပုဂံ၊ မုံရွာ။(စွယ်တော်လေးဆူ)၊ စစ်ကိုင်း။ မန္တလေး။ ပြင်ဦးလွင် (၅)ရက်။

❀ပုဂံ-ပုပ္ပါး(ပုပ္ပါး)၊ မုံရွာ။(စွယ်တော်လေးဆူ)၊ ပခုက္ကူ (၃)ရက်။

❀တောင်ကြီး၊အင်းလေး၊ပင်းတယ၊မိန်းမဲ့တောင်(၄)ရက်။ လွိုင်ကော်၊ပါ(၅)ရက်။

❀မန္တလေး၊ ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊ဝေဠုဝန်ကျောက်စိမ်းစေတီ(၄)ရက်။

❀ထားဝယ်၊ရှင်ကိုးရှင်၊မောင်းမကန်၊ကျိုက္ကမီ၊ စက်စဲ(၅)ရက်။ မြိတ်ပါ(၆)ရက်။

❀ဘားအံ၊မြဝတီ၊မဲဆောက်(၃)ရက်။ ခရီးစဉ်-သောကြာနေ့တိုင်း ထွက်သည်။

ရွှေဥဒေါင်းမြို့(နေ့/တနင်္ဂနွေ) ... ဆလုံ၊ ... ကောက်ကောင်း ... နေပြည်တော်

... Ph: 01-380141, 01-241863, 09-43043109, 09-30284810

**PANDA** *Engineering Group* Since 1999

e-mail: knw@pandaaircon.com

> Air-Con မျိုးစုံ ရောင်းချ၊ တပ်ဆင်၊ ဆေးကြော၊ ပြုပြင်ပေးခြင်း၊
> **Air-Con Brand New 1.5 hp**
**တပ်ဆင်အပြီးအစီး ဈေးနှုန်း 330,000 ကျပ်**
> အသုံးပြုပြီးသော Air-Con အဟောင်းများကို အသစ်ပြန်လဲပေးခြင်း၊
> ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များ ပြုပြင်ပေးပါသည်၊
> ဖုန်းသာဆက်လိုက်ပါ၊ နီးနီးဝေးဝေး စမ်းသပ်စစ်ဆေးတပ်ဆင်ခ မယူပါ၊

☎ 09 515 8803, 09 732 29024, 09 253 582510

အမှတ် ၁၃၀(မြေညီ) ၉၄ လမ်း ... သိန်းတင်လမ်းထိပ် မင်္ဂလာတောင်ညွန့်၊

**GW** 0973226006 0973133528 0973077569

အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။

... 09401505559 ...

**တက်လှ**

အိမ်ပြောင်း/အိမ်ရွှေ့

ဈေးနှုန်းချိုသာစွာဖြင့် မြို့တွင်း/နယ်ဝေး အကောင်းဆုံး ဝန်ဆောင်မှုပေးသည်။

09-261111549

09-257962225

**မိဘအမည်မှန်**

မလှိုင်မြို့နယ်၊ သဲကန်ကျေးရွာ အုပ်စု၊ သဲကန်ကျေးရွာ အလယ်တန်းကျောင်းခွဲ သတ္တမတန်းမှ မဇွန်ဝတ်ရည်၏ မိဘအမည်မှန်မှာ ဦးမောင်နိုင် [၉/မလန(နိုင်)၀၈၆၄၇၂] - ဒေါ်ဆွေဆွေညိမ်း [၉/မလန(နိုင်)၁၁၂၄၇၆] တို့ဖြစ်ပါသည်။



ပျော်ရွှင်ဖွယ် *ကိုရီးယား* အပန်းဖြေ ခရီးစဉ်များ

10-Jul ~ 15-Jul

29-Jul ~ 05-Aug

16-Aug ~ 23-Aug

30 Aug ~ 06-Sep

ဆိုလ်း - ဂျယ်ဂျူး (၈)ရက်(၇)ညခရီးစဉ် **$1399**

ဆိုလ်း (Only) (၆)ရက်(၅)ညခရီးစဉ် **$1060**

Best 安美旅遊 **A-BEST TOUR**

**ဆက်သွယ်ရန် - 09 767298800 ~ 33**

အမှတ်-295၊ အခန်း(5/5FG)၊ မြို့မကွန်ဒို၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**a&Tef;tqifhjrifh&abm*xwfvkyfief;&Sifykd KEK tdrf;t vSqifukEÜDDwuf**

**ကျွန်တော်များကုမ္ပဏီမှ အောက်ဖော်ပြပါအတိုင်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။**

∗ (Mobile KD Equipment) ပေါင်းခံစက်ဖြင့် လိုအပ်သောနေရာသို့ ရွှေ့လျားပေါင်းခံပေးခြင်း၊ ∗ စက်ရုံမှသစ်တန်(၁၀၀)ဆံ့ အခြောက်ခံစက်ကြီး၏ အရည်အသွေးအတိုင်း ပေါင်းခံပေးခြင်း၊ ∗ ပေါင်းခံပြီးသစ်ခွဲသားများကို အိမ်တွင်းပရိဘောဂအဖြစ် မြို့တွင်း၊ နယ်ဝေး လိုက်လံဆောင်ရွက်ပေးခြင်း။ ∗ (Mobile KD Equipment) ရွှေ့လျားပေါင်းခံစက်နှင့် စက်အပိုပစ္စည်းများရောင်းချပေးခြင်း။ ∗ ကျွန်းနှင့်သစ်မာ ပါကေးများကပ်ရန်အတွက် အကောင်းဆုံး အမှတ်တံဆိပ်ကော်ပုံးများ၊ သစ်အချောထည် စက်ရုံသုံးစက်နှင့်စက်ပစ္စည်းများ၊ လွှဆိုဒ်မျိုးစုံကိုလည်း အထူးရောင်းချပေးနေပါသည်။ ∗ ဈေးနှုန်းသက်သာသော ကျွန်းအစားထိုး အခြားသားပရိဘောဂနှင့် တံခါးအမျိုးမျိုးတို့ကို အော်ဒါလက်ခံဆောင်ရွက်ပေးခြင်း။ ∗ KEK ကုမ္ပဏီမှ Interior Decoration အား ဒီဇိုင်းမှစ၍ အလုံးစုံပြီးစီးသည်အထိ တာဝန်ယူပြုလုပ်ပေးခြင်း၊ ∗ သံပန်း၊ တံခါးနှင့် သံဖြင့်ပြုလုပ်သော ပရိဘောဂများကိုလည်း ဆန်းသစ်သောပုံစံများဖြင့် ပြုလုပ်ပေးပါသည်။

**လိပ်စာ** - H-168,62 လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့် ဖိုးရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေးမြို့။

**ဖုန်းနံပါတ်** - ၀၉-၇၆၇၆၄၁၃၇၇၊ ၀၉-၄၂၆၈၁၈၁၇၄၊ ၀၂-၅၁၅၃၇၁၅၊ ၀၂-၅၁၅၃၁၇၅

**လိပ်စာ** - အမှတ်(၁၅၅)၊ လမ်း-၃၀၊ ၈၂လမ်းနှင့်၈၃လမ်းကြား၊ အောင်နန်းရိပ်သာအရှေ့၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။

**လိပ်စာ** - အမှတ်(၁၅)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်းနံပါတ်** - ၀၉-၇၇၇၂၅၁၆၅၅၊ ၀၁-၈၆၀၃၁၂၆၊ ၀၉-၄၂၀၀၈၉၂၇၁၊ ၀၉-၇၇၇၂၅၁၆၅၄

Developed By :

**Golden Hexagon Group**

# Lavender Hill Villa




✔ ဝယ်ယူသူအမည်ပေါက်ဂရန် ရရှိမည်။ ✔ CB BANK ၏ Home Loan ဖြင့် ဝယ်ယူနိုင်ပါမည်။ ✔ ရင်းနှီးမြှုပ်နှံရန်အတွက်အကောင်းဆုံး

ကလောမြို့ အတွင်း စဝင်သည့်နေရာမှ ပြည်ထောင်စုလမ်းမကြီးအတိုင်း (0.4)မိုင်မျှ မောင်းနှင်လာလျှင် သာယာလှပသော Lavender Hill Villa သို့ ရောက်ရှိပါမည်။

အေးအေးချမ်းချမ်း တောင်ပေါ် ကလောမြို့လေးမှာ အနားယူချင်သူတွေအတွက် "**Lavender Hill Villa** လုံးချင်းအိမ်ရာ အရောင်းပြပွဲ" ကို လာရောက်လေ့လာ ဝယ်ယူသင့်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

Lavender Hill Villa

Novotel Hotel (Eureka Room) , 4th floor , Yangon.

23 June 2018 to 24 June 2018 (Saturday & Sunday) 9:00 AM to 5:00 PM

အသေးစိတ်ကြည့်ရန် - www.imyanmarhouse.com/lavender-hill ဆက်သွယ်ရန် - iMyanmarHouse.com 09 455294841~5

စာစစ်မှူးချုပ်၊ စာစစ်တာဝန်များကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့ကြသော ပါမောက္ခကြီးများ၊ ကထိကဆရာကြီးများ၊ စာသင်သက်ရင့်ဆရာကြီးများကိုယ်တိုင်

၂၀၁၉ မေးခွန်းပုံစံနှင့်အညီ ကြိုတင်ပြင်ဆင်လေ့ကျင့်ရန် နည်းပေးလမ်းညွှန် ရေးသားပြုစုထားသော




တိုင်းကျော် ပြည်ကျော် ထင်ပေါ်ပညာ

# ၂၀၁၉ ရွှေလမင်း

မေးခွန်းပုံစံသစ်နှင့်အညီ
ပြင်ဆင်ပြည့်စွက်ရေးသားထားသော
တက္ကသိုလ်ဝင်တန်း
မေးခွန်းပုံစံအသစ်
သင်ရိုးကုန်ဘာသာစုံစာအုပ်များ
(တစ်ဘာသာတစ်အုပ်)

အခန်းတစ်ခုချင်းစီအလိုက်၊ မေးခွန်းနံပါတ်စဉ်အလိုက်
စဉ်းစားတွေးခေါ် သင်ကြား သင်ယူမှုဆိုင်ရာ
လေ့ကျင့်မေးခွန်းနှင့် အဖြေစုံ

၂၀၁၉

KG တန်း မှ တက္ကသိုလ်ဝင်တန်းအထိ
(သင်ရိုးသစ်၊ သင်ရိုးကုန် )ဘာသာစုံ စာအုပ်များ
မူလတန်း ၊ အလယ်တန်း ၊ အထက်တန်း
အတန်းစုံ စာစီစာကုံးနှင့် မိုးနင်းစာအုပ်များ

၂၀၁၄ မှ ၂၀၁၈ ထိ ဆယ်တန်း
၄ နှစ်စာ မေးခွန်းဟောင်းနှင့်စံပြအဖြေများစုစည်းမှု
(တစ်ဘာသာတစ်အုပ်)

၂၀၁၄ မှ ၂၀၁၈ ထိ အဋ္ဌမတန်း
၄ နှစ်စာ မေးခွန်းဟောင်းနှင့်စံပြအဖြေများစုစည်းမှု
(တစ်ဘာသာတစ်အုပ်) ထွက်ပြီ

၂၀၁၈ အဋ္ဌမတန်း မေးခွန်းဟောင်း စံပြအဖြေများ အတွဲ(၁)၊ အတွဲ(၂)

၂၀၁၈ ဆယ်တန်း မေးခွန်းဟောင်း စံပြအဖြေများ (ဘာသာစုံ ပေါင်းချုပ်)

ဖြန့်ချိရေး ◆ အမှတ် - ၂၉၇- ၂၉၉၊ ပထမထပ်၊ လမ်း(၃၀)အထက်၊ ပန်းဘဲတန်းမြို့နယ်။ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၀၄၁၁၆၁၂၊ ၀၉ ၇၃၁၃၀၉၆၈၊ ၀၉ ၅၀၆၃၄၅၁။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန
မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ၂၀၁၈ခု (ဧပြီလမှ စက်တင်ဘာလထိ) မီနီဘတ်ဂျက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် အောက်ဖော်ပြပါအတိုင်း ကတ္တရာလမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများအား တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တည်ဆောက်ရေးလုပ်ငန်းများ
Lot (၁)ခု
(၁) မြင်းကင်းလမ်းကတ္တရာခင်းခြင်း(၆၉၀၀'×၁၈'×၆")
(တက္ကသိုလ်လမ်းမှ ဘိုးရတနာလမ်းထိ)
(၂) မြင်းကင်းလမ်း[ဘိုးရတနာမှ အောင်မေတ္တာ-ဃ (၆)လမ်းထိ]
ကွန်ကရစ်လမ်းသစ်ခင်းခြင်း(အပိုင်း-၁) (၁၀၀၀'×၁၈'×၉")
(၃) မြင်းကင်းလမ်း[ဘိုးရတနာမှ အောင်မေတ္တာ-ဃ(၆)လမ်းထိ]
ကွန်ကရစ်လမ်းသစ်ခင်းခြင်း(အပိုင်း-၂) (၂၆၆၀'×၁၆'×၉")
(၄) မြင်းကင်းလမ်း[ဘိုးရတနာမှ အောင်မေတ္တာ-ဃ (၆)လမ်းထိ]
ကွန်ကရစ်လမ်းသစ်ခင်းခြင်း (အပိုင်း-၃) (၂၂၆၀'×၁၈'×၉")

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၂၁-၆-၂၀၁၈(ကြာသပတေးနေ့)
(ခ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် - ၆-၇-၂၀၁၈(သောကြာနေ့)
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - မကွေးမြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး

၃။ အသေးစိတ်သိရှိလိုပါက မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်-၀၆၃-၂၅၀၄၈သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင်
မြေကွက်များဝယ်လိုသည်
✸အိမ်အရောက် ငွေချေဝနှစ်၊ ပွဲခပေးရန်မလို✸
မညွှန့် Ph: 01-2339310,01-2339355,
01-578044-01570721




ဆီးချိုဆိုရှောင်သင့်တာရှောင်
ခွန်အားပြည့်ဖို့ ဗိုက်တာမက်(စ်)ကိုဆောင်

ဆီးချိုဝေဒနာခံစားနေရသူများသည် အစားရှောင်ရသဖြင့် နေ့စဉ်ခွန်အား ပြည့်ဝဖို့လိုအပ်ပါသည်။
ဆီးချိုဝေဒနာရှင်များအတွက် အထူးထုတ်လုပ်ထားသော ဗိုက်တာမက်(စ်) VITAMAXX အမှတ်တံဆိပ် "**မာ(လ်)တီဗက်တစ်**" ဗီတာမင်စုံအာဟာရဖြည့်စွက်စာတွင် ဗီတာမင်၊ သတ္တုဓာတ်များ။ ကင်ဆာရောဂါကာကွယ်ပေးသောAntioxidant များနှင့် ခန္ဓာကိုယ်အတွက်မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များစွာပါဝင်ပါသည်။ ဗီတာမင်(၁၂)မျိုးနှင့် သတ္တုဓာတ်(၁၀)မျိုးပါဝင်သောကြောင့် အခြားဗီတာမင်အားဆေးများထက် အာဟာရပိုမိုကြွယ်ဝပါသည်။

မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ စမ်းသပ်စစ်ဆေးခွင့်ပြုချက်ရယူပြီး အမေရိကန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းဖြန့်ချိသည်။

အားအင်လိုအပ် ခွန်အားဖြည့်စွက် ဗိုက်တာမက်(စ်)

Zar & Zar Co., Ltd.
Tel: (01)8604552, 8604553, 8604554

ရောင်းမည် / ငှားမည်

ရန်ကုန်လိုင်စင်နှင့် အသုံးပြုပြီးသော ကိုရီးယားကုန်တင် ၁၄ ဘီးကားများ၊ မီနီဘတ်(စ်)၊ စီတီးဘတ်(စ်) ကားများကို
ညှိနှိုင်းဈေးနှုန်း ဖြင့် ရောင်းမည်/ငှားမည်။

၁၄ ဘီးကုန်တင်ကားများ - 6C, 3F
မီနီဘတ်(စ်)ကားများ - 1K, 4K, 7K, 9K, 1L
စီးတီးဘတ်(စ်)ကားများ - 2H, 2I, 9I, 7M

ဆက်သွယ်ရန်ဖုန်း - ၀၉ ၉၅၁၁၃၉၆၃၃၊ ၀၉ ၄၂၀၇၆၅၅၆၈၊
၀၉ ၂၅၃၅၃၄၁၃၃၊ ၀၉ ၂၆၁၀၇၉၇၁၁

FAME

မြန်မာနိုင်ငံ FDA အသိအမှတ်ပြု Skin Care Product များ

# LADYMAX™




သဘာဝအတိုင်းကြည်လင်ဝင်းမွတ်သော
အသားအရေကို ပိုင်ဆိုင်စေရန်…




အရေးအကြောင်းလျော့နည်းစေပြီး
အသားအရေတင်းရင်းလှပစေရန်…




ဝက်ခြံ၊ အဆီပြန်ခြင်းနှင့် ချွေးပေါက်ကျယ်ခြင်းများကို
သက်သာပျောက်ကင်းစေရန်…




တင်းတိတ်၊ မှဲ့ခြောက်နှင့် ဝက်ခြံအမာရွတ်ပေါက်များကို
သက်သာပျောက်ကင်းစေရန်…




ရင်သားပြည့်ဖြိုး အလှတိုးစေရန်…

FAME Pharmaceuticals
09-965 559 860, 09 731 422 16

အမြို့မြို့အနယ်နယ်ရှိ City Mart ဆေးကောင်တာများတွင် ဝယ်ယူရရှိနိုင်ပါသည်။

## ဝမ်းနည်းကြေကွဲခြင်း
### ဦးထွန်းစိန်
**အသက် (၉၈)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကြီးဉာဏ်နိုင်နှင့် ဒေါ်စန္ဒာထွန်းတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးထွန်းစိန်သည် ၁၉-၆-၂၀၁၈ ရက် ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးဒေါ်စုစု (ငြိမ်း)

စစ်သူနာပြုအပါတ်စဉ် - ၄

အသက် (၇၀) နှစ်

စန္ဒီဒေဝီအမျိုးသမီးကျန်းမာရေးဝန်ဆောင်မှု

သမဝါယမအသင်းအုပ်ချုပ်မှု ဒါရိုက်တာ (ငြိမ်း)

ဒေါ်စုစုသည်(၁၉. ၆. ၂၀၁၈)ည(၈း၄၀) နာရီတွင် ကွယ်လွန်ကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသားများ

စန္ဒီဒေဝီအမျိုးသမီးများကျန်းမာရေးဝန်ဆောင်မှုအသင်း

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### လေယာဉ်မှူး ဦးမျိုးဝင်း
**အသက် (၅၇) နှစ်**

**မြန်မာအမျိုးသားလေကြောင်း**

မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူး ဦးမျိုးဝင်းသည် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်**
**နှင့် ဝန်ထမ်းများ**

---

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော် စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါ အချက်များကို ငါး၊ ပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော် အပ်ပါသည်-

၁။ မွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားရန်၊

၂။ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်၊

၃။ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များ ဖို့ထားရန်၊

၄။ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းကြရန်၊

၅။ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်၊

၆။ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်၊

၇။ မွေးမြူရေးကန်၏ ရေထွက်၊ ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေရန်၊

၈။ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပေးနိုင်မည့် နည်းလမ်းများအား ကြိုတင်ပြင်ဆင်ထားရန်၊

၉။ အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက် နားထောင်ရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြရန်၊

၁၀။ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

---

### ဦးထွန်းစိန်
**အသက် (၉၈)နှစ်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်(၁၁)၊ ဘီလမ်း၊ အမှတ်(၅၆-က)နေ (ဦးမောင်ခေါ်-ဒေါ်ချစ်တုံ)တို့၏သား၊ ဒေါ်နန်းစံ၏ ခင်ပွန်း၊ ဦးရွှေသန်း-ဒေါ်ကြည်ကြည်ထွန်း၊ ဦးကျော်ညွန့်-ဒေါ်မေလှမြိုင်၊ ဦးထွန်းတင်၊ ဦးအောင်ဆန်းထွန်း-ဒေါ်တင်တင်ထူး၊ ဗိုလ်မှူးကြီးဉာဏ်နိုင်-ဒေါ်စန္ဒာထွန်းတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) ည ၇း၁၅နာရီတွင် တဆရ(၁/၇၀၀) ပြင်ဦးလွင်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
ကန်တော့ခံသက်ကြီးဂီတပညာရှင်
### ဦးတင်အေး(ထားဝယ်) ဂီတဥယျာဉ်
**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၄၉)၊ (၃၁)လမ်း၊ (၁၀)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေ ကန်တော့ခံသက်ကြီး ဂီတပညာရှင် ဦးတင်အေး(ထားဝယ်) (ဂီတဥယျာဉ်)သည် ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစိန်ဝင်း
**အသက် (၆၅) နှစ်**

**ဦးစီးအရာရှိ (ငြိမ်း)၊ က. ည. န**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးစိန်ဝင်းသည် ၁၃-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**က. ည. န အငြိမ်းစားဝန်ထမ်းများ**
**လူမှုရေးစောင့်ရှောက်မှုအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း
### Capt: မျိုးဝင်း
**မြန်မာအမျိုးသားလေကြောင်း**

**အသက် (၅၇)နှစ်**

မြန်မာအမျိုးသားလေကြောင်းမှ Capt: မျိုးဝင်း အသက် (၅၇) နှစ်သည် ၂၀-၆-၂၀၁၈ရက် နံနက် ၀၀း၁၈နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့် ဝန်ထမ်းများ**
**မြန်မာအမျိုးသားလေကြောင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### လေယာဉ်မှူး ဦးမျိုးဝင်း
**အသက် (၅၇) နှစ်**

**မြန်မာအမျိုးသားလေကြောင်း**

မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူး ဦးမျိုးဝင်းသည် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းထွန်း**
**အမှုဆောင်အရာရှိချုပ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်စံပယ်လှတင်
**အသက် (၅၆) နှစ်**

[ဗိုလ်မှူးစိုးနိုင်(ခ)ကိုကိုမောင် (လေ-၁၈၆၂)]၏ဇနီး၊ မဝင့်ဖြူကိုကိုမောင်၊ မရွှန်းလဲ့ကိုကိုမောင်တို့၏မိခင် ဒေါ်ခင်စံပယ်လှတင်သည် ၁၇-၆-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၃)မှ သူငယ်ချင်းနှင့်မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဥမ္မာမြင့်(ခ)မဘုတ်ဘုတ်
**အသက် (၄၃) နှစ်**

မြန်မာ့စာတိုက်လုပ်ငန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နေ ဦးထွန်းခင် (ပြည်နယ်မန်နေဂျာ)၏ဇနီး ဒေါ်ဥမ္မာမြင့်(ခ)မဘုတ်ဘုတ် အသက် (၄၃)နှစ်သည် ၁၄-၆-၂၀၁၈ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**အရာထမ်း/အမှုထမ်းမိသားစုများ**
**မြန်မာ့စာတိုက်လုပ်ငန်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးမောင်ရွှေ
**အသက် (၇၂) နှစ်**

**မိုးကောင်းမြို့ (ကချင်ပြည်နယ်)**

အားငါးပါးအဖွဲ့ဝင် ဒေါ်ဆွေဆွေ၏ချစ်လှစွာသောဖခင် ဦးမောင်ရွှေ(မိုးကောင်း)သည် ၁၈-၆-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အားငါးပါးညီအစ်မများ**

---

## အနိစ္စ

### ဒေါ်ခင်အေး (၈၉)နှစ်
**(ကန်ဘက်ကျေးရွာ၊ လပွတ္တာမြို့နယ်)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်(၁၁၄)၊ ဒုတိယထပ်၊ လမ်း(၅၀)နေ [လီအလယူ(ခ) ဦးလူး]၏ဇနီး၊ ဒေါ်စိန်စိန်(မင်္ဂလာဈေး)၊ ဦးခင်မောင်ဝင်း-ဒေါ်နော်ဆေးဟဲ၊ ဒေါ်ရင်ရင်ရွှေ ဦးအောင်သန်း-ဒေါ်ခိုင်ခိုင်ရွှေ ဦးအောင်သိန်း-ဒေါ်ကျင်ထွေး၊ မရီရီဝင်း၊ ဦးဇော်မင်း-ဒေါ်ရင်ရင်ဝေ၊ ဦးချစ်သန်း-ဒေါ်ဖြူဖြူလွင်တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏ အဘွားသည် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၈(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌ အိပ်ပျော်ခြင်း
**Topa Taw Maangkhawm**
### PI DIM KHAW MANG
**အသက် (၇၈)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Lophei ကျေးရွာနေ Pu Ngul Pau-Pi Dim Man တို့၏တစ်ဦးတည်းသောသမီး၊ Pu Suang Thang-Pi Ciang Hau တို့၏သမီးချွေးမ၊ [Pa Thang Van Pau(AB, FG, Dip., FBTC)]-Nu Cing Do Pau၊ Pa Pau Do Thawng(B.Sc,Chief Officer, F.G)-ဆရာမ Man Za Huai (သူနာပြုဆရာမကြီး-အား/ကာ)၊ Nu Hau Cingh Huai (BA, Dip., FBTC, USA)-Pa Awn Hau Kam (USA)၊ Tg. Thang Za Mang (Singapore)၊ Nu Dim Dal Cing; BA; Dip., FBTC(USA)-Pa Thang Khan Mang(USA)တို့၏မွေးသမိခင်၊ [Pu Ngaw Cin Pau, (Chief Geologist-ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ မြေးလေးယောက်တို့၏အဘွားသည် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အမှတ်(၂၆၄)၊ အခန်း(၁၀၁)၊ရာဇာဓိရာဇ်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၆-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်း ပေါင်းစုံဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်း ပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်၊ ဗိုလ်မြတ်ထွန်းလမ်းရှိ ရန်ကုန်စီးယင်းနှစ်ခြင်းဘုရားရှိခိုးကျောင်း-YSBC နှင့် ယုဇန ပီတောက်ကွေ့တို့မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်စိန်းစိန်းရီ (၇၆)နှစ်
**အထက်တန်းပြ(ငြိမ်း)၊ အထက-၃၊ ထားဝယ်မြို့**

ထားဝယ်မြို့၊ ကညံ့ရပ်ကွက်၊ အာဇာနည်လမ်း၊ (ကရပ်ပြင်လမ်းဆုံ)၊ အမှတ်(၃၅)နေ (ဦးဘအေး-ဒေါ်အုံးစိန်)တို့၏သမီး၊ (ဦးနေဝင်း)-ဒေါ်သန်းရှင်၊ ရန်ကုန်မြို့နေ [ဦးတင်ကြည်(ကုန်သွယ်/လယ်ယာ)]-ဒေါ်အေးအေးကြူ (ယာဉ်/စက်)တို့၏ ညီမ၊ ဒေါက်တာဇော်မိုးဝင်း(ကထိက၊ မြန်မာစာဌာန၊ ထားဝယ်တက္ကသိုလ်)-ဒေါက်တာဖွန့်ပွင့်ရွှေ (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ထားဝယ်တက္ကသိုလ်)၊ ဒေါ်အေးအေးလွင် (ဦးစီးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ထားဝယ်မြို့)၊ Dr. Tsuyoshi Hasegawa-ဒေါက်တာဝေဝေသက်တင်(ခေတ္တ-ဂျပန်)၊ ဒေါ်စန္ဒာဝင်း(ဌာနစုမှူး၊ စီမံဌာန၊ ထားဝယ်တက္ကသိုလ်)၊ ဦးလှိုင်ဖြိုးအေး-ဒေါ်မဥ္ဇူသင်း (United Amara Bank Ltd)တို့၏ အဒေါ်၊ မောင်စည်သူဝင်းပြည့် (အထက-၃၊ ထားဝယ်)၊ Goshi Hasegawa၊ မောင်လှိုင်ဘုန်းပြည့်သော် (NIEC, Narsery)တို့၏အဘွားလေးသည် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) ည ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးကိုလေး(ကျောက်ပန်းတောင်း) (၈၁)နှစ်
**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

မြစ်ငယ်မြို့၊ တပင်ရွှေထီးရပ်နေ၊ ဦးမောင်မောင်လွင်-ဒေါက်တာဒေါ်တင်ချိုချိုကို (တိုင်းဆရာဝန်ကြီး၊ မြန်မာ့မီးရထားဆေးဌာန၊ မြစ်ငယ်)၊ ဦးရဲမင်းမောင် (လ/ထ ညွှန်ကြားရေးမှူး-မြို့ပြ၊ ရန်-မန်း အမြန်လမ်း)-ဒေါ်တင်နီနီကို(ကထိက၊ မြို့ပြအင်ဂျင်နီယာဌာန၊ မန္တလေးနည်းပညာတက္ကသိုလ်)၊ ဦးတင်နိုင်ကိုကို (လ/ထညွှန်ကြားရေးမှူး၊ မြို့ပြ၊ တံတားစီမံကိန်းအဖွဲ့-၃)-ဒေါ်အေးမြစန္ဒာကြည်တို့၏ ချစ်လှစွာသောဖခင်၊ မသော်သော်ဇွန်ထိန် (နည်းပြ၊ မန္တလေးပညာရေးကောလိပ်)၊ မရွှန်းရွှန်းလဲ့အိ (Final Year, English, MUFL)၊ မသြချယ်မြတ်မို (First Year, EP)၊ မောင်လင်းနိုင်ကြည် (G-4, Ayeyarwaddy International School)၊ မသက်စန္ဒီမင်းတင်(Orange I, MIA)တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်ကြည်တင် (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း-ငြိမ်း) ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃နာရီတွင် မြစ်ငယ်မြို့မသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ မုခ်ဦးဒါယိကာမကြီး**
### ဗိုလ်ကြီးဒေါ်စုစု(ငြိမ်း) (၇၄)နှစ်
**စစ်သူနာပြုအမှတ်စဉ်(၄)**

=ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ (ဦးထွန်းတင်-ဒေါ်မြကျင်)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နေ (ဦးစိုးတင့်-ဒေါ်စန်းကြည်)တို့၏ သမီးချွေးမ၊ [ဒေါက်တာဦးကြည်စိုး(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန)]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာဇင်ဝေနိုင်-ဒေါက်တာစောသန္တာတင်၊ (ဒေါ်မေမွန်ကြည်စိုး)၊ ဒေါ်သဲကြည်စိုး၊ ဦးပြည်စိုး-ဒေါ်ရူပါနေဝင်းတို့၏ ချစ်လှစွာသောမိခင်ကြီး ဗိုလ်ကြီးဒေါ်စုစု(ငြိမ်း)သည် ၁၉-၆-၂၀၁၈ ရက် ည ၈း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၅၈၁၊ မြယမုံကျောက်လမ်း၊ တောင်ဒဂုံမြို့နယ်၊ SPS Auto Service ဝန်းနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၈ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### Capt: မျိုးဝင်း
**မြန်မာအမျိုးသားလေကြောင်း**

**အသက် (၅၇) နှစ်**

(ဦးကျင်မြ-ဒေါ်ကျင်ယုံ)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော (၂၁)လမ်း၊ အမှတ်(၁၁၅၁)နေ (ဦးအေးမောင်)-ဒေါ်သန်းနုတို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ ကွန်ဒို(၁)၊ အခန်း(၂၀၄)နေ ဒေါ်ငွေငွေ၏ချစ်လှစွာသောခင်ပွန်း၊ မောင်အာကာမျိုးဝင်း၊ မောင်ကောင်းဆက်မျိုးဝင်း၊ မောင်မင်းပြည့်စုံမျိုးဝင်းတို့၏ဖခင်၊ (ဦးနေဝင်း)-ဒေါ်မျိုးမျိုးဟန်(ခေတ္တ-Taiwan)၊ (ဦးအောင်ဝင်း)၊ (ဒေါ်လွင်လွင်မြ)၊ (ဦးထိန်ဝင်း)-ဒေါ်ယဉ်ယဉ်တို့၏ ညီ/မောင်သည် ၂၀-၆-၂၀၁၈ ရက် နံနက် ၀၀း၁၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်နှင့် လေဆိပ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးခင်မောင်ညွန့်
**အသက် (၅၃)နှစ်**

**မြန်မာ့မီးရထား-လက်မှတ်စစ်(၁)**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ရွာထောင်ရပ်နေ ဦးမောင်ညို-ဒေါ်တင်စိန်တို့၏သား၊ ဒေါ်ခေါ်နင်ဂျာ၏ခင်ပွန်း၊ မအာက်စွတာ (Ooredoo Call Centre)၊ မအဲလစ်ဇဘက်၊ မောင်ဒေးဗစ်တို့၏ဖခင်ကြီးသည် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် အထက်ပါနေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးဇော်မြင့်သွင် (ခ) ဘိုကောင်း
**အသက် (၃၇) နှစ်**

ရန်ကုန်မြို့နေ ဦးသန်းအေး-(ဒေါ်မြမြင့်ခင်)တို့၏တစ်ဦးတည်းသောသား၊ ဦးမင်းဝင့်ဦး-ဒေါ်သီရိထူး၊ ဒေါ်မေသစ္စာတို့၏မောင်၊ ဒေါ်ဇာဖြူကျော်၏အစ်ကို၊ မရွှေရောင်ခ၊ မရွှေသွန်းစက်ဝင့်တို့၏ ချစ်လှစွာသောဦးလေးသည် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၁၂၉)၊ တိုက်(B)၊ ငါးလွှာ၊ ရွှေပြည်အေးရိပ်မွန်၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးသန်းလွင်(ပေါင်းတည်)
**SAE၊ တိုင်း/ဆောက်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန(ငြိမ်း)**

**အသက် (၅၂) နှစ်**

ပေါင်းတည်မြို့နယ်၊ ရေဆည်ကြီးကျေးရွာနေ (ဦးဘိုးဆင့်)-ဒေါ်ကြာလှတို့၏သား၊ (ဦးစောရောဂျာစိန်)-ဒေါ်တင်အေးတို့၏သားသမက်၊ ဒေါ်နော်စေးဝါးဖော(ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)၏ခင်ပွန်း၊ မလွင်မေသူကျော် (ပထမတန်း-A၊ အထက-၄၊ အလုံ)၏ဖခင်သည် ၂၀-၆-၂၀၁၈ ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တိုက်(၂)၊ အခန်း(၂)၊ ကမာရွတ်လျှပ်စစ်ဝင်း၊ ကျွန်းတောလမ်း၊ ကမာရွတ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
### Hjr စကီနာဘီ(ခ)
### ဒေါ်ခင်ကြည်
**(Tip-Top Tairlor)**

**အသက် (၆၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၈၇)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်နေ [Hjနာဒီရ်ဘိုင်(ခ)ဦးကျော်ဟန်]၏ဇနီး၊ ဦးမြင့်ဦး-ဟာဂျီမဒေါ်မိုးကလျာကျော်၊ Mufti Hj အဗ္ဗဒူရဟီးမ်-Hjrမ ဒေါ်အမရာကျော်၊ (Al-Hj ဦးအနန္ဒကျော်စွာ)-Hjrမဒေါ်ဖြူဖြူသက်၊ ဦးအာကာမင်း-Hjrမ ဒေါ်ဟန်သီဇီခင်တို့၏မိခင်၊ မနဒီမိုးဦး၊ မောင်ဝေဘုန်းနန္ဒ၊ (မောင်ထွဋ်ဘုန်းဝင့်)၊ မောင်နေဇွဲနန္ဒ၊ မောင်ဟိန်းမိုးထက်၊ မသုန္ဒရီမင်းတို့၏အဘွား သည် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် အဆွရ်နမားဇ်အပြီး ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

# (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၀

**(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။**

ညှိနှိုင်းအစည်းအဝေးသို့ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လုံခြုံရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုး၊ ဗဟိုကော်မတီဝင်များ၊ လုံခြုံရေးကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်အရာရှိကြီးများနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဦးမြင့်ဆွေ (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂၀

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ကြည့်ရှုအားပေးသည်။**

ပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲဗဟိုကော်မတီဝင်များ၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ရတနာ ကုန်သည်များ၊ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဆိုင်ရာ အချက်အလက်များနှင့် ကျောက်မျက်ရတနာလုပ်ငန်းဆိုင်ရာများကို ပရိဂျက်တာဖြင့် ရှင်းလင်းပြသသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခင်းကျင်းပြသထားသော ကျောက်စိမ်း ကျောက်မျက်အတွဲများကို လှည့်လည်ကြည့်ရှုစဉ်။

## ငွေလဲလှယ်နှုန်းများ မြင့်တက်လာ

**ရန်ကုန် ဇွန် ၂၀**

အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းများသည် ပြီးခဲ့သည့် ရက်ပိုင်းမှစပြီး ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလလယ်ပိုင်းက စတင်၍ အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၂၂ ကျပ်ဝန်းကျင်အထိ ကျဆင်းခဲ့ရာမှ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလ အတွင်းတွင် တစ်ဒေါ်လာလျှင်ငွေလဲနှုန်းအများစုမှာ ၁၃၂၇ ကျပ် ဝန်းကျင်ဖြစ်ခဲ့ပြီး အများဆုံး ၁၃၃၁ ကျပ်သာရှိခဲ့သည်။ မေလအတွင်း တစ်ဒေါ်လာလျှင် ငွေကျပ် ၁၃၄၀ ကျော်အထိ ပြန်လည်မြင့်တက်လာခဲ့ပြီး ဇွန်လလယ်တွင် ငွေကျပ် ၁၃၅၀ ကျော်အထိ မြင့်တက်လာကာ ဇွန် ၁၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၆၅ ကျပ်အထိ မြင့်တက်လာခဲ့သည်။

လက်တလော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများ မြင့်တက်လာခြင်းသည် ကမ္ဘာ့နိုင်ငံရေး

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

ရွှေလမင်းဆေးရုံများတွင် မိုးရာသီကာလ(၁.၆.၁၈ မှ ၃၁.၈.၁၈) ရက်နေ့အတွင်း အခန်းခများကို30% Discountနှင့် (Medical Check Up Package) ကျန်းမာရေးစစ်ဆေးခြင်းများကိုအထူးလျှော့ဈေးပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်သည်။

ရွှေလမင်းဆေးရုံ(၁) : အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ Hot Line : 01-655612

ရွှေလမင်းဆေးရုံ(၂) : အမှတ်(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်။ Hot Line : 01-2301949

ရွှေလမင်းဆေးရုံ(၃) : အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟသ်ာတမြို့။ Ph:044-2022799,2022801

ရွှေလမင်းဆေးရုံ(၄) : အမှတ်(၁)၊ ရှမ်းစုလမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။ Ph-057-2026202,2026387

ရွှေလမင်း ဆေးရုံ